# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၁)၊ အမှတ် (၃၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု CMP လုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့



ပုသိမ် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အခြေခံလူတန်းစားများအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများမှ CMP အထည်ချုပ်လုပ်ငန်းများ၊ သားရေလက်ကိုင်အိတ်လုပ်ငန်း၊ ခေါင်းစွပ်၊ ဆံပင်တုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးအလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

အဆိုပါ လုပ်ငန်းများတွင် ပြည်ပနိုင်ငံသားများမှ ရာနှုန်းပြည့်လာရောက် ရင်းနှီးမြှုပ်နှံလျက်ရှိသော ပုသိမ်မြို့စက်မှုဇုန်၌ အထည်ချုပ်လုပ်ငန်း ရှစ်ခု၊ ပုသိမ်စက်မှုမြို့တော် စီမံကိန်းတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့ ဖတ်စရာ**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား**

တွေ့ဆုံမေးမြန်း | စာ - ၄

**ပန်းတိုင်သို့ ချီရာလမ်း လှမ်းလျှောက်ခဲ့သည်**

ဆောင်းပါး | စာ - ၆

**(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်မှုပြုလုပ်ရန် တရုတ်နိုင်ငံသို့ အားကစားသမားများ ကမ္ဘောဒီးယား စေလွှတ်မည်**

နိုင်ငံတကာသတင်း | စာ - ၁၃

## ကျောင်းသား ကျောင်းသူ ၄၀၀၀ ကျော်အား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံ

မြောင်းမြ စက်တင်ဘာ ၁၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ အသက် ၅ နှစ်မှ ၉ နှစ်အတွင်း ကျောင်းသား ကျောင်းသူများအား ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို စက်တင်ဘာ ၁၀ ရက်မှစ၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံပေးရာတွင် မြောင်းမြမြို့နယ်အတွင်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျောင်းများသို့ သွားရောက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ ဂျပန်ဦးနှောက်ရောင်ရောဂါသည် သွေးလွန်တုပ်ကွေးကဲ့သို့ ခြင်မှတစ်ဆင့် ကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါ တစ်မျိုးဖြစ်ပြီး ဦးနှောက်ရောင်ရမ်းမှုကို ဖြစ်စေနိုင်ခြင်း၊ အသက်အန္တရာယ် စိုးရိမ်ရခြင်းတို့ကြောင့် ဂျပန်ဦးနှောက်ရောင်ရောဂါကင်းဝေးစေရန်နှင့် ကျောင်းသား ကျောင်းသူများ ကျန်းမာစွာပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ မြို့နယ်အတွင်းရှိ အသက် ၅ နှစ်မှ ၉ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ထိုးနှံပေးမည်ဖြစ်ပြီး ယနေ့တွင် ကျောင်းသား ကျောင်းသူ ၄၂၇၀ ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ယာဉ်မတော်တဆမှု ကျဆင်းမှ ထိခိုက်အသက်ဆုံးရှုံးမှု ကျဆင်းမည်

တစ်ကမ္ဘာလုံးတွင် ယာဉ်မတော်တဆဖြစ်ရပ်များကြောင့် တစ်နှစ်လျှင် ပျမ်းမျှ လူ ၁ ဒသမ ၃ သန်းခန့် သေဆုံးပြီး သန်း ၅၀ ကျော် ထိခိုက်ဒဏ်ရာရနေကြသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုနှုန်းသည် အာဖရိကနှင့် အရှေ့တောင်အာရှတွင် အများဆုံးဖြစ်သည်ဟုလည်း ဆိုသည်။ အရှေ့တောင်အာရှတွင်မူ မြန်မာနိုင်ငံသည် ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရမှု ဒုတိယအများဆုံး နိုင်ငံ ဖြစ်နေသည်။

ယခုနှစ်အဖို့ မြန်မာနိုင်ငံတစ်ဝန်း ဇန်နဝါရီလမှ ဇူလိုင်လအထိ ခုနစ်လတာအတွင်း ယာဉ်တိုက်မှုပေါင်း ၃၅၀၀ ကျော်၊ သေဆုံးသူ ၁၇၀၀ ကျော် ရှိနေပြီး ၄၈၀၀ ခန့် ဒဏ်ရာရထားသည်။ ယာဉ်မတော်တဆမှုကြောင့် နှစ်စဉ် လူ ၄၀၀၀ ကျော် ၅၀၀၀ နီးပါး အသက်ဆုံးရှုံးလျက်ရှိရာ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးသည် လူတိုင်းပါဝင်အလေးအနက်ဆောင်ရွက်ကြမည့် အမျိုးသားရေးပင်ဖြစ်သည်။

“ယာဉ်မတော်တဆမှုဆိုသည်မှာ အဓိကအားဖြင့် လူ့ပယောဂကြောင့် ပေါ်ပေါက်လာရသည့် ပြဿနာဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ ကိုယ်စီလိုက်နာ ထိန်းသိမ်းဆောင်ရွက်ကြမည်ဆိုလျှင်၊ အသုံးပြုသည့်ကားများ၏ ကြံ့ခိုင်မှုကောင်းမွန်နေမည်ဆိုလျှင်၊ လမ်းများလည်း လုံခြုံစိတ်ချရမှု ရှိနေမည်ဆိုလျှင်၊ လမ်းအသုံးပြုသူအားလုံး စည်းကမ်းလိုက်နာကြမည်ဆိုလျှင် စသည်ဖြင့် အဘက်ဘက်က ဟန်ချက်ညီလာသည့် တစ်နေ့တွင် ယနေ့ Road Safety ဆိုင်ရာ မျှော်မှန်းချက်ဖြစ်သည့် “Towards Zero Together” ဆိုသည့် Vision သည် အမှန်တကယ်ဖြစ်လာရမည်ဖြစ်ကြောင်း” အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြောကြားခဲ့ရာ လူ့ပယောဂကြောင့် ပေါ်ပေါက်လာရသည့် ယာဉ်မတော်တဆမှုများကို လူတို့၏လိုက်နာထိန်းသိမ်းမှု၊ လူတို့၏ကြိုးပမ်းအားထုတ်မှုဖြင့်သာ လျော့နည်းကျဆင်းစေနိုင်မည်ဖြစ်သည်။

ယခုအခါ ယာဉ်အန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှု ဒုတိယဆယ်စုနှစ်အတွက် Myanmar National Road Safty Action Plan (2021–2030) ကို ရေးဆွဲအတည်ပြု ထုတ်ပြန်ထားပြီး ရည်မှန်းချက်များ၊ လုပ်ငန်းအစီအမံများနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၁၉ ခုနှစ်ကို အခြေခံနှစ်အဖြစ်ထားကာ ယာဉ်တိုက်မှုကြောင့် သေဆုံးသူဦးရေကို လာမည့် ရှစ်နှစ်တာကာလ ၂၀၃၀ ပြည့်နှစ်တွင် ထက်ဝက်သို့ ရောက်ရှိကျဆင်းသွားစေရန် ရည်မှန်းထားရာ နှစ်အလိုက်လျော့နည်းကျဆင်းသွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယာဉ်အသုံးပြုသူ၊ လမ်းအသုံးပြုသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုသည်။

ယာဉ်မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းကျဆင်းရေး ဆောင်ရွက်ရာတွင် နိုင်ငံရှိ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်စီးရေ၏ ထက်ဝက်ခန့် ရှိနေသော ရန်ကုန်တိုင်းဒေသကြီးနှင့် နှစ်စဉ်ယာဉ်မတော်တဆဖြစ်ပွားမှုအများဆုံး တိုင်းဒေသကြီးများတွင် အဓိကစူးစိုက်ကြိုးပမ်းသွားရမည်ဖြစ်ပြီး ယာဉ်အသုံးပြုသူအားလုံး၊ လမ်းအသုံးပြုသူအားလုံးက စည်းကမ်းလိုက်နာ၊ ဆင်ခြင်တုံတရား ပြည့်ဝစွာ မောင်းနှင်သုံးစွဲကြခြင်းဖြင့် ထိခိုက်မှုအန္တရာယ်၊ အသက်အန္တရာယ်ကို ကာကွယ်နိုင်ကြပါစေကြောင်း။ ။






## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၁၄၆၇) လောကဥဿျှောင်ဘုရား အရှေ့ဘက်အဝင်မုခ် တောင်ဘက်ခြမ်းစိုင်ပေါင်မှ အုတ်ချပ်များကွာကျမှုဖြစ်

**ညောင်ဦး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ်(၁၄၆၇) လောကဥဿျှောင်ဘုရား အရှေ့ဘက်မုခ်အဝင် တောင်ဘက်ခြမ်းစိုင်ပေါင်မှ အုတ်ချပ်ကွာကျမှု စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က အုတ်ချပ်များကွာကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

ဘုရားအမှတ် (၁၄၆၇) လောကဥဿျှောင် ဘုရားသည် တောင်ဘီကျေးရွာ အနီးတွင်ရှိပြီး စက်တင်ဘာ ၉ ၊ ၁၀၊ ၁၁ ရက်တို့တွင် ညောင်ဦးမြို့နယ်အတွင်း မိုးရွာသွန်းမှု များခဲ့ရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇေယျာလွင်၊ ပုဂံနယ်မြေရဲစခန်းမှ ဒုရဲအုပ်နေထက်ဝင်း၊ တောင်ဘီကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် မိုးရွာသွန်းမှုကြောင့် ရှေးဟောင်းစေတီ၊ ပုထိုး၊ အုတ်အဆောက်အအုံများ ပျက်စီးမှု ရှိ/မရှိ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ တောင်ဘီကျေးရွာအနီးရှိ ဘုရားအမှတ် (၁၄၆၇) လောကဥဿျှောင် ဘုရားအရှေ့ဘက်မုခ် တောင်ဘက်ခြမ်းစိုင်ပေါင်မှ အလျား ၁ ပေ ၉ လက်မ၊ အနံ ၁ ပေ ၉ လက်မခန့်၊ အမြင့် ၄ ပေခန့်၊ ထု ၁ ပေခန့် ပျက်စီးကွာကျခဲ့ကြောင်း သိရပြီး ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) ထံမှ သိရသည်။ **ကိုကြေးမုံ**

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (၂၃)ကြိမ်မြောက် ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုကြည့်ရှုအားပေး

**စစ်တွေ စက်တင်ဘာ ၁၃**

(၂၃)ကြိမ်မြောက် ရခိုင်ပြည်နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်ပညာရှင်များ၊ ပြိုင်ပွဲဝင်များ၊ အနုပညာဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ လာရောက်ကြည့်ရှုအားပေးသည်။**(အပေါ်ယာပုံ)**




ပြည်နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဒုတိယနေ့ နံနက်ပိုင်း၌ အဆို (ခေတ်ဟောင်း/ကာလပေါ် ဘာသာရပ်အဖြစ် အခြေခံပညာအဆင့် အသက် ၁၀ – ၁၅နှစ် အမျိုးသား၊ အမျိုးသမီး၊ အသက် ၁၅ – ၂၀ နှစ်၊ အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး နေ့လယ်ပိုင်းတွင် အဆို(ခေတ်ဟောင်း/ကာလပေါ် ) ဘာသာရပ်အဖြစ် အဆင့်မြင့်ပညာအဆင့် အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲဝင်များ၊ ဝါသနာရှင်အဆင့် (ဒုတိယ) အမျိုးသမီးနှင့် ဝါသနာရှင်အဆင့် (ပထမ – ဒုတိယ) အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ စုစုပေါင်း အဆိုပြိုင်ပွဲဝင် ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်နယ်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပလျက်ရှိရာ အဆို၊ အက၊ အတီးပြိုင်ပွဲများကို စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ လည်းကောင်း၊ အရေးပြိုင်ပွဲကို စစ်တွေမြို့ ယဉ်ကျေးမှုပြတိုက်၌ လည်းကောင်း ကျင်းပလျက်ရှိပြီး ပြိုင်ပွဲတွင် ပြည်နယ်အတွင်းရှိ ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင် ၁၃၆ ဦး တို့က သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပါဝင်ယှဉ်ပြိုင် လျက်ရှိကြောင်း သိရသည်။ **တင်ထွန်း**

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် ဂုဏ်ထူးရရှိအောင်သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကျင်းပ

**ဓနုဖြူ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အထက (၁) အခြေခံပညာ အထက်တန်းကျောင်း တေဇခန်းမ၌ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ အောင်ချက် အကောင်းဆုံး ကျောင်းများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား ဂုဏ်ပြုပွဲကို ယမန်နေ့က ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုတင့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ကျော်တို့က အမှာစကား ပြောကြားပြီး တက္ကသိုလ်ဝင်တန်းတွင် အောင်မြင်ခဲ့ကြသော သုံးဘာသာဂုဏ်ထူးရှင် ၈၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၈၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၈ ဦးတို့အား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းနှင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမ ၁၁၇ ဦးနှင့် အောင်ချက်အကောင်းဆုံး ဆုရကျောင်း ခြောက်ကျောင်းတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# လူတစ်ဦးချင်းစီအတွက် Biometric (၃) ချက်ကောက်ယူရာတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးတည်အုပ်စုများ သတ်မှတ်ကာ အဆင့်ဆင့်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၃**

e-ID စနစ် လုပ်ငန်းစဉ်အဖြစ် အသက် ၁၀ နှစ်နှင့်အထက် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူစသည့် နိုင်ငံသားအသိအမှတ်ပြုကတ်ပြား တစ်မျိုးမျိုးကိုင်ဆောင်ထားသူ၊ ပြည်တွင်း၌ အခွန်ဆောင်နေထိုင်သည့် နိုင်ငံခြားသား FRC ကိုင်ဆောင်ထားသူ၊ နိုင်ငံခြားသား အမြဲနေထိုင်ခွင့် (PR) လက်မှတ်ရရှိထားသူစသည်တို့ကို ကိုယ်ရေးဆိုင်ရာ အချက်အလက် Biographic (၆) ချက်နှင့် ဇီဝဆိုင်ရာ အချက်အလက် Biometric (၃) ချက်ကောက်ယူကာ လူတစ်ဦးချင်းစီအတွက် Unique ID နံပါတ်တစ်ခုစီ ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ပြောကြားသည်။ **(ယာပုံ)**

ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် e-ID စနစ် လုပ်ငန်းကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။





**မကြာမီ ပြီးစီးတော့မည်**

ဆက်လက်၍ လက်ရှိအခြေအနေတွင် မိမိတို့ဌာန၏ ရုံးအသီးသီးရှိ နိုင်၊ ဧည့်၊ ပြု လက်မှတ်များ ထုတ်ပေးမှုမှတ်တမ်းနှင့် PR ရရှိထားသူနှင့် FRC ကိုင်ဆောင်ထားသူများ၏ မှတ်တမ်းများပါ ကိုယ်ရေးအချက်အလက်များ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) ပါ အချက်အလက်များကို နည်းပညာအသုံးပြု၍ ရုံးချုပ် Database Server သို့ ပေးပို့ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ပါကြောင်း၊ ယင်းအချက်အလက်များသည် e-ID စနစ်အတွက် Biographic Data(၆)ချက် ရယူရာတွင် အသုံးပြုသွားမည်ဖြစ်ပြီး ယင်းအချက်အလက်များကို မိမိတို့ဝန်ကြီးဌာန၏ အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာနမှ တာဝန်ယူ၍ ပြည်တွင်းနည်းပညာအကြံပေးအဖွဲ့နှင့် ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များနှင့်အညီ စနစ်တကျထိန်းသိမ်း ဆောင်ရွက်ထားရှိပါကြောင်း။

**ဦးတည်အုပ်စု လျာထားချက်**

ထို့ပြင် e-ID စနစ်အတွက် ဆောင်ရွက်မည့်စနစ်တည်ဆောက်ပုံ ဒီဇိုင်း၊ ပြည်ပနည်းပညာ အကြံပေးငှားရမ်းခေါ်ယူရေးနှင့် Biometric ကောက်ယူရေးအတွက် အသုံးပြုမည့် နည်းပညာဆိုင်ရာပစ္စည်းနှင့်ပတ်သက်၍ ပညာရှင်များ၏ သုံးသပ်အကြံပြုချက်များရရှိပြီးဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှု၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ အထက်ဌာနညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ပြီးပါက Biometric (၃) ချက်ကောက်ယူရေးဆောင်ရွက်ရမည်ဖြစ်ပြီး မကြာမီကာလအတွင်း စမ်းသပ်ကောက်ယူမှုများ ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ လူတစ်ဦးချင်းစီအတွက် Biometric (၃) ချက်ကောက်ယူရာတွင်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးတည်အုပ်စုများ သတ်မှတ်ကာ အဆင့်ဆင့်ဆောင်ရွက်သွားရန် လျာထားပါကြောင်း၊ ယခုအစည်းအဝေးတွင် ဦးတည်အုပ်စု လျာထားချက် အခြေအနေနှင့် e-ID စနစ်အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းအခြေအနေများကို ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းက e-ID စနစ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်စပ်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဝန်ကြီးဌာနအသီးသီးနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာပညာရှင်များအသင်းတို့မှ ကော်မတီအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးနှင့် e-ID နည်းပညာဆိုင်ရာပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

**လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ e-ID စနစ်လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် လူမွန်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ မျိုးသန့်တို့က ဆွေးနွေးတင်ပြချက်များအပေါ် ထပ်မံသုံးသပ်အကြံပြု ဆွေးနွေးကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ညောင်နှစ်ပင်ရှိ ပြည်ထောင်စုခန်းမ အဝင်လမ်းဆောင်ရွက်နေမှု၊ ပြည်ထောင်စုခန်းမ(ပင်မဆောင်)နှင့် ဆက်စပ်အဆောက်အဦပြုပြင်ထားရှိမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်ရှိ ပြည်ထောင်စုခန်းမ အဝင်လမ်းသစ်ကို လမ်းအထူးအဖွဲ့ (၁၄) မှ ဆောင်ရွက်လျက်ရှိပြီး အဆောက်အဦဦးစီးဌာန၊ အဆောက်အဦ အထူးအဖွဲ့ (၁) နှင့် (၂)တို့က ခြံစည်းရိုးနှင့် ပင်မဂိတ်တံခါး၊ ပြည်ထောင်စုခန်းမ (ပင်မဆောင်) နှင့် ဆက်စပ်အဆောက်အဦများ ပြင်ဆင်မှုတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ထိန်းသိမ်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်နေမှုများကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ယမန်နေ့ နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းအင်္ဂါရပ်နှင့်အညီ ပြည့်စုံစွာ ဆောင်ရွက်ရေးနှင့် ပြင်ဆင်ဆောင်ရွက်ပြီး ဖြစ်သည့် အဆောက်အဦများနှင့် ဆက်စပ်ပစ္စည်းများ လေလွင့်ပျောက်ဆုံးလျော့နည်းမှု မရှိစေရေး ဂရုပြု ထိန်းသိမ်း ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လှည်းကူးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် Eco – Green City စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုင်းသက်နိုင်မိုးနှင့် Alliance Stars ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့က စီမံကိန်း စတင်ဖြစ်ပေါ်ပုံနှင့် ဆောင်ရွက်နေမှု၊ စီမံကိန်းတွင် ပါဝင်မည့် တန်ဖိုးနည်း တန်ဖိုးသင့် အိမ်ရာ တည်ဆောက်နေမှုနှင့် စီမံကိန်းဧရိယာအတွင်း လမ်း လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုစစ်ဆေး**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ယခုစီမံကိန်းသည် ရန်ကုန်- မန္တလေး အမြန်လမ်းအနီးတွင် တည်ရှိသဖြင့် ဧရိယာ သတ်သတ်မှတ်မှတ်ဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်မှာကြားပြီး ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် Eco – Green City စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် – မန္တလေးအမြန်လမ်း တစ်လျှောက် မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*○ ရှေ့ဖုံးမှ*

အထည်ချုပ်လုပ်ငန်း နှစ်ခု၊ ပုသိမ်မြို့ တဲကြီးကုန်းရပ်ကွက်၌ အထည်ချုပ်လုပ်ငန်း တစ်ခု၊ ကန်ကြီးထောင့်မြို့နယ်၌ အထည်ချုပ်လုပ်ငန်း တစ်ခု၊ မအူပင်မြို့နယ်၌ ခေါင်းအုံး၊ စောင်၊ အနွေးထည်၊ သားရေဖြင့် ပြုလုပ်သော အိတ်လုပ်ငန်း သုံးခု၊ ဒေးဒရဲမြို့နယ်တွင် အထည်ချုပ်လုပ်ငန်းတစ်ခုနှင့် မအူပင်မြို့နယ်နှင့် ဓနုဖြူမြို့နယ်များ၌ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုပိုင် ခေါင်းစွပ်နှင့် ဆံပင်တုလုပ်ငန်း နှစ်ခု ၊ CMP မှတစ်ဆင့်ခံ စက်ရုံ၊ အလုပ်ရုံ စုစုပေါင်း ၁၈ ခုဖြင့် အမျိုးသား ၁၁၆၁ ဦး ၊ အမျိုးသမီး ၁၄၅၉၇ ဦး၊ တိုင်းဒေသကြီးအတွင်းမှ စုစုပေါင်း ၁၅၇၅၈ ဦးတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

မြန်မာ့အလင်း

ဗုဒ္ဓဟူး၊ စက်တင်ဘာ ၁၄၊ ၂၀၂၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ RIA သတင်းဌာနမှ သိရှိလိုသည်များအား လက်ခံဖြေကြား

စက်တင်ဘာ ၁၃

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနမှ အထူးသတင်းထောက် Ms. Kukushkina Tatiana အား စက်တင်ဘာ ၆ ရက်၌ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University (FEFU)၌ တွေ့ဆုံ၍ သိရှိလိုသည့် မေးမြန်းမှုများအား လက်ခံဖြေကြားခဲ့သည်။ အဆိုပါ မေးမြန်းမှုများနှင့် ဖြေကြားမှုများကို ဖော်ပြလိုက်ရပါသည် –**

*(ယမန်နေ့မှအဆက်)*

**မေး** – အခုလက်ရှိ ဖြစ်ပေါ်တိုးတက်နေတဲ့ အခြေအနေနဲ့ သုံးသပ်ဆွေးနွေးသွားတဲ့ အချက်တွေပေါ်မှာ စဉ်းစားသုံးသပ်ကြည့်တဲ့အခါမှာ လာမယ့် ကာလတိုကာလအတွင်းမှာ ရွေးကောက်ပွဲ ကျင်းပနိုင်ခြင်းမရှိနိုင်ဟု သုံးသပ်မိပါတယ်။ အချိန်ကာလတစ်ခုအထိ ရွှေ့ဆိုင်းဖို့ရှိပါသလား။

**ဖြေ** – ကျွန်တော်တို့ အခုချိန်မှာပြောဖို့ စောသေးတယ်။ နောက်ထပ်အချိန် လေး ငါးလ လောက်ကျန်သေးတယ်။ ဒီအပေါ်မှာ အခြေအနေကြည့်ပြီးတော့မှပဲ ဆုံးဖြတ်မှာဖြစ်ပါတယ်။ နိုင်ငံရေးဆိုတာ ချက်ချင်းကောက်ပြီးတော့ ကြုံပြီး ဆုံးဖြတ်လို့မရပါဘူး။ အခြေအနေကို ကျွန်တော်တို့ကြည့်ရမှာ ဖြစ်ပါတယ်။

**မေး** – ဒီစီးပွားရေးနဲ့ ပတ်သက်ပြီးတော့ လက်ရှိကမ္ဘာမှာ အားလုံးရင်ဆိုင်နေရတဲ့ လောင်စာဆီ တင်သွင်းခြင်း ဖြေရှင်းနေရတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ မြန်မာနိုင်ငံက ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ကြားသိထားရပါတယ်။ ကြားသိတဲ့အချိန်မှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံက လောင်စာဆီ ဝယ်ယူတင်သွင်းမှု ရှိနေပါပြီလား။ ဝယ်ယူတင်သွင်းတဲ့အချိန်မှာ ရုရှားနိုင်ငံက သတ်မှတ်ထားသလို ရူဘယ်လ်ငွေကြေးနဲ့ပဲ ပေးချေသွားနိုင်မှု ရှိပါသလား။

**ဖြေ** – ကျွန်တော်တို့ ရုရှားနိုင်ငံကနေ လောင်စာဆီ ဝယ်ဖို့အတွက် ဆောင်ရွက်နေတာ ခရီးတော်တော်ရောက်နေပါပြီ။ ရက်ပိုင်းအတွင်း မြန်မာနိုင်ငံကိုရောက်မှာ ဖြစ်ပါတယ်။ ဆက်ပြီးတော့ ဝယ်ယူသွားဖို့လည်း ရှိပါတယ်။ ငွေပေးချေရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကတော့ ရုရှားနိုင်ငံက လက်ခံတဲ့ ငွေကြေးနဲ့ပေးမှာ ဖြစ်ပါတယ်။ ရူဘယ်လ်နဲ့ ပေးရမယ်ဆိုရင်လည်း ရူဘယ်လ်နဲ့ ရအောင် ကျွန်တော်တို့ စီစဉ်ပြီးပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်က ရူဘယ်လ်နဲ့ပေးချေဖို့ ပိုပြီးဆန္ဒရှိပါတယ်။ တခြားငွေကြေးနဲ့ဆို ကန့်သတ်ချက်ရှိနေပါတယ်။ ကျွန်တော်တို့ကတော့ ဒီနည်းလမ်းကို ရအောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး** – ရုရှားနိုင်ငံနဲ့ မြန်မာနိုင်ငံရဲ့ သံတမန်ဆက်ဆံရေးကလည်း နှစ်ပေါင်းရှည်ကြာခဲ့ပြီ ဖြစ်ပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဟာ အအောင်မြင်ဆုံးကဏ္ဍနှင့် အဓိကအခြေခံကဏ္ဍအဖြစ် ရပ်တည်ခဲ့ပါတယ်။ စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍဟာဆိုရင်လည်း ဆက်လက်ဖွံ့ဖြိုးတိုးတက်လျက်ရှိပါတယ်။ ဒီနေရာမှာ နောက်ဆုံးဖြစ်ပေါ်နေတဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေအရ မြန်မာနိုင်ငံအနေနဲ့ ရုရှားနိုင်ငံကနေမှ နောက်ဆုံးပေါ် ခေတ်မီစစ်လက်နက်ပစ္စည်းတွေ၊ ကာကွယ်ရေးပစ္စည်းတွေ ထပ်မံဝယ်ယူသွားဖို့ရှိပါသလား။ သိချင်ပါတယ်။ ဒေသအတွင်း အခြေအနေနဲ့ ကမ္ဘာ့ပထဝီနိုင်ငံရေး ချိန်ညှိမှုမှာ မြန်မာနိုင်ငံအနေနဲ့ ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်အဖွဲ့တွေ၊ အခြေစိုက်ဌာနချုပ်တွေကို မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းမှာ လက်ခံဆောင်ရွက်သွားဖို့ ရှိ/မရှိ သိလိုပါတယ်။

**ဖြေ** – မြန်မာနိုင်ငံနဲ့ ရုရှားနိုင်ငံရဲ့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နေမှု နယ်ပယ်ကတော့ ဆယ်စုနှစ် နှစ်ခုကျော်လောက် ဖြစ်သွားပြီ။ တော်တော်လေးလည်း အရှိန်အဟုန်ရလာပါပြီ။ ရုရှားနိုင်ငံကထုတ်တဲ့ ကာကွယ်ရေးပစ္စည်းတွေက တကယ်အဆင့်အတန်းလည်း မြင့်ပါတယ်။ နိုင်ငံတော်ကာကွယ်ဖို့အတွက်လည်း အထောက်အကူရပါတယ်။ ကျွန်တော်လည်း နှစ်ခြိုက်ပါတယ်။ ဆက်လက်ပြီးတော့ တိုးချဲ့ဆောင်ရွက်သွားဖို့တွေ ရှိကြောင်း ပြောလိုပါတယ်။ နောက်မြန်မာနိုင်ငံမှာ နိုင်ငံခြားတပ်ဖွဲ့ဝင်တွေ တပ်စွဲနေရာချထားရေး ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာခွင့်ပြုထားတာ မရှိပါဘူး။ အခြေခံဥပဒေကို ကျွန်တော်တို့ကျော်လွန်ပြီး လုပ်လို့မရပါဘူး။ အခြေခံဥပဒေအရလည်း ဘောင်အတွင်းမှာပဲ အကောင်းဆုံး ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲ ဆိုတာကို နည်းလမ်းရှာရမှာဖြစ်ပါတယ်။ စခန်းချဖို့တော့ ကျွန်တော်တို့ မပေးထားပါဘူး။ ပူးပေါင်းဆောင်ရွက်မယ့် နယ်ပယ်တွေ၊ အခွင့်အလမ်းတွေ အလားအလာ ရှိပါတယ်ဆိုတာကို ကျွန်တော်တွေ့ပါတယ်။

**မေး** – နောက်ဆုံး ပထဝီနိုင်ငံရေး အခြေအနေမှာ အမေရိကန်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံက အခုလိုရုရှားနိုင်ငံနဲ့ ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်နေတာကို မကျေမနပ်ဖြစ်နေတဲ့ အခြေအနေလေးတွေ တွေ့ရှိရပါတယ်။ ဥပမာ– အမေရိကန်နိုင်ငံက ထုတ်ဖော်ခဲ့တဲ့ ထုတ်ဖော်ချက်တစ်ရပ်မှာ အခုလို ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်နေတာဟာ မြန်မာနိုင်ငံအနေနဲ့ အာဆီယံနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အနှောင့်အယှက်ဖြစ်စေတယ်လို့ ထုတ်ပြန်ပြောကြားနေတာတွေ ရှိပါတယ်။ ဘာကြောင့်မို့ အမေရိကန်အစိုးရအနေနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သိသာတဲ့အခြေအနေတစ်ရပ်ပဲ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒါကွာခြားချက်တစ်ခုပါပဲ။ အာဆီယံကလည်း လက်ရှိအခြေအနေမှာ ကမ္ဘာမှာ စီးပွားရေးအားကောင်းတဲ့ နယ်မြေတစ်ခုဖြစ်တယ်။ အာဆီယံက သူ့ရပ်တည်ချက်နဲ့သူ ရှိတယ်။ အာဆီယံရဲ့ အားပါသွားမယ်ဆိုရင် ကမ္ဘာ့ရဲ့ အခြေအနေနဲ့ အပြောင်းအလဲတစ်ရပ်ကို ဖြစ်သွားစေနိုင်တဲ့ အခြေအနေမျိုးတွေ ရှိပါတယ်။ ဒါကြောင့် အာဆီယံဟာ ရုရှားဘက်ကို မပါဖို့အတွက်လည်း အမေရိကန်က လိုလားပုံရပါတယ်။ အဲ့ဒီတော့ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံကိုလည်း ဒီလိုပဲယူဆပါလိမ့်မယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံထဲမှာ ကျွန်တော်တို့ပါပြီးတော့မှ အာဆီယံအဖွဲ့ရဲ့ တိုက်တွန်းချက်နဲ့ မြန်မာနိုင်ငံ ရပ်တည်အောင်လည်း ဆောင်ရွက်နေတာဖြစ်တယ်။ အဲ့ဒီ အာဆီယံနိုင်ငံရဲ့ တိုက်တွန်းချက်တွေကြောင့်လည်း အမေရိကန်က သူတို့ရဲ့နှီးစပ်တဲ့ အစိုးရနဲ့ မြန်မာအစိုးရကြား ပူးပေါင်းဆောင်ရွက်မှုကို ဝင်ရောက် စိတ်ပူပန်နေရတယ်ဆိုတာကိုလည်း ဆွေးနွေးပေးစေလိုပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

**ဖြေ** – အတိတ်ကို နည်းနည်းလောက်ပြန်ကြည့်ရင်တော့ တွေ့နိုင်တယ်။ အထူးသဖြင့် တခြားကမ္ဘာ့နိုင်ငံပေါ့ဗျာ။ အာဆီယံဒေသမှာ ဖြစ်ပွားခဲ့တဲ့ အခြေအနေကို ကျွန်တော်သုံးသပ်ပြပါမယ်။ ပြီးခဲ့တဲ့ အတိတ်ကာလမှာ အာဆီယံနိုင်ငံ၊ အရှေ့တောင်အာရှဒေသနိုင်ငံတွေမှာလည်း အခုမှသာ တည်ငြိမ်အေးချမ်းမှု ရှိနေတာပါ။ အရင်ကတော့ တည်ငြိမ်အေးချမ်းမှုမရှိ၊ ပဋိပက္ခတွေဖြစ်နေတဲ့ ဒေသတွေရှိတယ်။ အဲ့ဒီတော့ ပဋိပက္ခဖြစ်နေတဲ့အချိန်မှာ တည်ဆဲအစိုးရကို ဆန့်ကျင်နေတဲ့ လူပုဂ္ဂိုလ်အဖွဲ့အစည်းတွေကို အမေရိကန်မှာခေါ်ပြီးတော့ အားပေးအားမြှောက်ပြုပြီး ထောက်ပံ့ပေးခဲ့တာတွေ သာဓကတွေ အများကြီးရှိခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာလည်း သက်ဆိုင်ရာနိုင်ငံတွေကို ဆန့်ကျင်တဲ့ အဖွဲ့အစည်းတွေ လူပုဂ္ဂိုလ်တွေကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း အားပေးအားမြှောက် ပြုနေတာ အခုထိရှိတယ်။ ဒါပေမယ့် ဆိုဗီယက်ခေတ်ကိုပဲ ကြည့်ကြည့်၊ ရုရှားရဲ့ လက်ရှိခေတ်ကိုပဲကြည့်ကြည့်၊ ကာလကိုပဲကြည့်ကြည့် အရှေ့တောင်အာရှနိုင်ငံများရဲ့ နိုင်ငံရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်တဲ့ အဖွဲ့အစည်းတွေကို အားပေးအားမြှောက်ပြုနေတာကို ရုရှားနိုင်ငံက လက်ခံပြီးတော့ ဆောင်ရွက်တာမတွေ့ဘူး။ ဒါ အာဆီယံနိုင်ငံတွေကို တွန်းအားပေးဆောင်ရွက်နေတယ်ဆိုတာလည်း ကျွန်တော်တို့ မြင်နေရပါတယ်။ အဲ့ဒီတော့ အဲ့ဒီမှာကြည့်ရင်လည်း သူတို့ အမေရိကန်နိုင်ငံက အဓိကပြောဆိုနေတဲ့ ဒီမိုကရေစီရယ်၊ လူ့အခွင့်အရေးရယ် စီးပွားရေးမှာ သူတို့ကျောထောက်နောက်ခံတဲ့ ဒေါ်လာငွေကြေး ဒါတွေနဲ့ ချုပ်ကိုင်ပြီးတော့မှ အပြောင်းအလဲဖြစ်အောင်ကြိုးစားနေတာ ကျွန်တော်တွေ့တယ်။

**မေး** – အာဆီယံနိုင်ငံတွေနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး၊ နိုင်ငံရေးတည်ငြိမ်မှုအတွက် ဘယ်လိုအထောက်အကူပြုနိုင်သလဲဆိုတာလည်း သိရှိလိုပါတယ်၊ ဘာကြောင့်လဲဆိုတော့ မကြာသေးမီအချိန်က အာဆီယံကကျင်းပတဲ့ အခမ်းအနားတစ်ခုကို မြန်မာနိုင်ငံက ကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ကြားခြင်းမပြုတဲ့ သတင်းကို ကြားလိုက်ရပါတယ်။ ဒါတွေဟာ ဆိုလို့ရှိရင် အာဆီယံအဖွဲ့ဝင်နိုင်ငံ အချို့အနေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းတည်ငြိမ်ရေးကို ပိုမိုပြီးတော့ ယုတ်လျော့စေတယ်လို့ သုံးသပ်မိပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီးတော့ အာဆီယံနိုင်ငံတွေ စတင်ဖွဲ့စည်းခဲ့တဲ့အချိန်ကထားရှိခဲ့တဲ့ ပဋိညာဉ်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ စည်းမျဉ်းစည်းကမ်းချက်တွေနဲ့ ကိုက်ညီမှုရှိပါသလား ဘယ်လိုမျိုး သုံးသပ်ပါသလဲ။ *စာမျက်နှာ ၅ သို့*

> **“မြန်မာနိုင်ငံမှာ နိုင်ငံခြားတပ်ဖွဲ့ဝင်တွေ တပ်စွဲနေရာချထားရေး ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ရဲ့ အခြေခံဥပဒေမှာ ခွင့်ပြုထားတာ မရှိပါဘူး။ အခြေခံဥပဒေကို ကျွန်တော်တို့ကျော်လွန်ပြီး လုပ်လို့မရပါဘူး။ အခြေခံဥပဒေအရလည်း ဘောင်အတွင်းမှာပဲ အကောင်းဆုံး ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတာကို နည်းလမ်းရှာရမှာ ဖြစ်ပါတယ်။ စခန်းချဖို့တော့ ကျွန်တော်တို့ မပေးထားပါဘူး။ ပူးပေါင်း ဆောင်ရွက်မယ့် နယ်ပယ်တွေ၊ အခွင့်အလမ်းတွေ အလားအလာရှိပါတယ်”**

**✻ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ပြည်သူတွေအများကြီး သေကျေခဲ့တာရှိတယ်။ သေတဲ့အထဲမှာ နိုင်ငံ့ဝန်ထမ်းတွေပါတယ်။ အပြစ်မဲ့တဲ့ ပြည်သူတွေပါတယ်။ နောက် ဆရာ ဆရာမတွေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေပါတယ်။ ရဟန်းသံဃာတွေပါတယ်။ သီလရှင်တွေပါတယ်။ ဒါတွေက သူတို့ရဲ့ ကြံစည်မှုတွေကြောင့်၊ သူတို့ရဲ့အားပေးမှုတွေကြောင့်၊ သူတို့ရဲ့ စီမံမှုတွေကြောင့် ဖြစ်လာခဲ့တဲ့ဟာတွေဖြစ်တယ်။ ဒါတွေကတော့ ဥပဒေအရလည်း အရေးယူရမှာ ဖြစ်ပါတယ်**

*စာမျက်နှာ ၄ မှ*

**ဖြေ** – ကျွန်တော်တို့က ၁၉၉၇ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တယ်။ ကျွန်တော်တို့ဟာ အာဆီယံပဋိညာဉ်ကို ကျွန်တော်တို့ အလေးထားလိုက်နာဆောင်ရွက်ပါတယ်။ အာဆီယံရဲ့ပဋိညာဉ်မှာ Asean ရဲ့ Way၊ Asean ရဲ့ Spirit, Asean practice ဒီလိုရှိတယ်။ ဒါတွေ ကျွန်တော်တို့က လိုက်နာပါတယ်။ အာဆီယံပဋိညာဉ်မှာလည်း အတိအကျဖော်ပြထားတယ်။ မြန်မာနိုင်ငံကနေပြီးတော့ ဒီအပေါ်မှာ ကျော်လွန်လုပ်တာတစ်ခုမှ ကျွန်တော်တို့မရှိဘူး။ တကယ်လို့သာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေက အာဆီယံပဋိညာဉ်ကိုသာ လိုက်နာမယ်ဆိုရင် ဒီလို ပြဿနာတွေ ဖြစ်လာစရာအကြောင်း မရှိဘူး။ ကျွန်တော်တို့အစိုးရ အခုရှိနေတာ ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ရှိနေခြင်းဖြစ်တယ်။ ဒါဟာ အသိအမှတ်ပြုရမယ်။ ဒါကျွန်တော်တို့ဟာ ပြည်သူက အသိအမှတ်ပြုထားတဲ့ အခြေခံဥပဒေအရ အရေးယူဆောင်ရွက်ထားတာ ဖြစ်တယ်။ ဒီအပေါ်မှာ မျက်ကွယ်ပြုပြီးတော့မှ သူတို့ ရွေးကောက်တင်မြှောက်ပွဲဆိုင်ရာ ရလဒ်တွေအပေါ်မှာ ဖြစ်ပေါ်လာတဲ့ သဘောထားကွဲလွဲနေမှုအပေါ်မှာ သူတို့ဒါကို တုံ့ပြန်မှုတွေကတော့ သူတို့ရဲ့ အာဆီယံရဲ့ ပဋိညာဉ်နဲ့ မကိုက်ဘူးလို့ ပြောချင်ပါတယ်။

**မေး** – အခုလက်ရှိ ပြည်တွင်းနိုင်ငံရေးအခြေအနေ ထိန်းသိမ်းမှုအပိုင်းမှာ ဒီလို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ ကိုယ်စားလှယ်တွေနဲ့ ကြားဝင်ဖြေရှင်းပေးဖို့ လိုအပ်ချက် ရှိပါသလား၊ ဒါမှမဟုတ် ကြားဝင်ဖြေရှင်းမှုမှာ ပိုပြီးတော့ အနှောင့်အယှက်ဖြစ်နိုင်ပါသလား။

**ဖြေ** – ကြားဝင်ဖြေရှင်းပေးမှုဆိုတာ ဒါကျွန်တော်တို့ရဲ့ ပြည်တွင်းရေးတစ်ခုပဲ။ အာဆီယံက သူများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့ တော့မရှိဘူး။ သို့သော်လည်းပဲ သူတို့လိုချင်ရာကောက်ချက်ဆွဲပြီးတော့မှ ကျွန်တော်တို့ကို ပြီးခဲ့တဲ့နှစ်က အာဆီယံထိပ်သီး အစည်းအဝေးမှာ ဘုံသဘောတူညီချက် (၅) ရပ်ကို ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ တချို့ဟာတွေက ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေတဲ့ ကိစ္စတွေဖြစ်နေတာ တွေ့ရတယ်။ သို့သော်လည်းပဲ တတ်နိုင်သလောက် ကျွန်တော်တို့ လုပ်နိုင်တဲ့ နည်းလမ်းတွေအားလုံးကို ကျွန်တော်တို့ ဖြေရှင်းဆောင်ရွက်တာတွေရှိတယ်။ သင့်တော်တဲ့နည်းလမ်းတွေမှာ သူတို့ဝင်ရောက်ကူညီပေးမယ်ဆိုရင် ဘာမှလက်မခံနိုင်စရာ အကြောင်းမရှိဘူး။ သို့သော်လည်းပဲ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေး တည်ဆဲဥပဒေကို ကျော်လွန်ပြီးတော့မှ ဆောင်ရွက်ပေးတဲ့ကိစ္စမျိုးဆိုရင်တော့ ဘယ်လိုလုပ်ခွင့်ပြုမလဲ။ ဘယ်နိုင်ငံမှလည်း ဒီလိုခွင့်ပြုမှာမဟုတ်ဘူး၊ ဒါကြောင့် ဆောင်ရွက်လို့ရတဲ့နယ်ပယ်ဆိုရင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ပေးမယ်၊ ဆောင်ရွက်ခြင်းမပြုနိုင်တဲ့နယ်ပယ်ဆိုရင်လည်း ကျွန်တော်တို့ရအောင် ကျွန်တော်တို့ဘာသာ ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး** – ဒီအနောက်နိုင်ငံအပါအဝင် အခြားသော အနောက်နိုင်ငံတွေရဲ့ အထောက်အပံ့ကို ယူထားတဲ့ နိုင်ငံတွေရဲ့ မီဒီယာတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ ယခင်အစိုးရရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ အမြဲတမ်း ထုတ်ဖော်ရေးသားချက်တွေကို တွေ့နေရပါတယ်။ မြန်မာနိုင်ငံမှာ သတ်မှတ်ထားတဲ့ တည်ဆဲဥပဒေများအရ မဲမသမာမှုကို အဓိကဖြစ်ပေါ်စေခဲ့တဲ့အတွက် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေတယ်ဆိုတာကိုလည်း သဘောပေါက်နားလည်ပါတယ်။ မကြာသေးမီကလည်း နေအိမ်အကျယ်ချုပ်မှ အကျဉ်းထောင်သို့ပို့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုးလည်း ချမှတ်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ဘယ်လိုပြောင်းလဲ ပြင်ဆင်သတ်မှတ်သွားဖို့ရှိတယ် ဆိုတာလည်း သိရှိလိုပါတယ်။

**ဖြေ** – ဒေါ်အောင်ဆန်းစုကြည်ကို စပြီးအရေးယူတဲ့ အချိန်တုန်းကတော့ ကျွန်တော်တို့ ရွေးကောက်ပွဲရလဒ်ပေါ်မူတည်ပြီးတော့ ဖြစ်ပေါ်ခဲ့တဲ့အခြေအနေပေါ်မှာ စိစစ်ပြီးဆောင်ရွက်တာဖြစ်တယ်။ အထူးသဖြင့် ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အခြေအနေပေါ့။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စိစစ်တွေ့ရှိချက်တွေကို ဖြေရှင်းနိုင်ဖို့ သူ့ကိုလည်း ကျွန်တော်တို့ အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒါကိုမျက်ကွယ်ပြုခဲ့ပါတယ်။ မျက်ကွယ်ပြုခဲ့တော့ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ အခက်အခဲတွေ၊ နိုင်ငံရေးအကျပ်အတည်းတွေ ဖြစ်စေခဲ့တာပေါ့။ အဲ့ဒီတော့ဖြစ်လာပြီဆိုကတည်းက ကျွန်တော်တို့က သက်သေပြရတော့မှာပေါ့။ ဒါသူ့မှာ တာဝန်ရှိတယ်ဆိုတာကို ကျွန်တော်တို့က ဥပဒေလမ်းကြောင်းက ကျွန်တော်တို့ သက်သေပြရတယ်။ စစ်ရင်းနဲ့ပါ တစ်ခါထပ်ပြီး ရွေးကောက်ပွဲဥပဒေ ကျွန်တော်တို့ အဲ့ဒီမှာလည်း သက်ညှာမှုတွေ ကျွန်တော် လုပ်ခဲ့ပါတယ်။ ပထမဦးဆုံး စဖြစ်တဲ့အချိန်မှာ သက်ညှာမှုတွေပေးတယ်။ ဒါပေမယ့် အဲ့ဒီလိုစစ်ရင်းနဲ့ တွေ့ရှိလာတဲ့အခြေအနေပေါ်မှာ တခြားကိစ္စတွေပါပါလာတာကို ကျွန်တော်တို့တွေ့ခဲ့တယ်။ အထူးသဖြင့် အဂတိလိုက်စားမှုဥပဒေနဲ့ ပတ်သက်တာတွေ ပါလာတာတွေ့ရတယ်။ ဒါကြောင့် ဒါကျတော့ ကျွန်တော်တို့က ဥပဒေကြောင်းအရ အရေးယူရတာတွေ ဖြစ်လာတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူ့ကိုတရားဥပဒေအရပဲ ကျွန်တော်တို့က အရေးယူဆောင်ရွက်တယ်ဆိုတာလေးလည်း ပြောလိုပါတယ်။ အခုနေအိမ်အကျယ်ချုပ်ဆိုတာလည်း စတင်စစ်ဆေးတဲ့အချိန်မှာ နေအိမ်အကျယ်ချုပ် ကျွန်တော်တို့ထားတာပေါ့။ ပြီးတော့မှ ဥပဒေအရ ဆောင်ရွက်တဲ့ဟာတွေ ဖြစ်ပါတယ်။ ထပ်ပြီးတော့ ဆုံးဖြတ်မယ်ဆိုတာမျိုးတော့ အခုချိန်မှာပြောဖို့ စောပါသေးတယ်။ နောက်ဆုံးအားလုံးအမှုတွေပြီးပြီ။ အခြေအနေအားလုံး ပြီးပြီဆိုလာမှ ကျွန်တော်တို့ပြောလို့ရပါလိမ့်မယ်။

**မေး** – နောက်ဆုံးမေးခွန်းအနေနဲ့ မေးလိုတာကတော့ မကြာသေးမီက မြန်မာနိုင်ငံမှာ ယခင် NLD ပါတီဝင်ဟောင်းလေးဦးနဲ့ပတ်သက်ပြီးတော့ အပြင်းထန်ဆုံး ပြစ်ဒဏ်ကို ချမှတ်ခဲ့တယ်ဆိုတာလည်း ဒီသတင်းတွေမှာ ဖတ်ရှုရပါတယ်။ ဘာကြောင့်မို့ ဒီလိုအပြင်းထန်ဆုံးပြစ်ဒဏ်ကို ပေးခဲ့ရလဲဆိုတဲ့ အခြေအနေလေးတွေ သိရှိလိုပါတယ်။

**ဖြေ** – No One Above the Law မည်သူမျှ တရားဥပဒေအထက်မှာ မရှိဘူးဆိုတဲ့ စကားလေးတစ်ခု ရှိပါတယ်။ သူတို့ပြစ်ဒဏ်စီရင်ခြင်းခံရတဲ့ လေးယောက်နဲ့ ပတ်သက်လို့ရှိရင် ဒီလေးယောက်မှာ နှစ်ပိုင်းခွဲတွေ့ပါတယ်။ အုပ်စုပေါ့လေ။ တစ်အုပ်စုကတော့ ခုနက မေးတဲ့အထဲမှာ NLD ပါတီဝင်ဆိုတဲ့ အမာခံပါတီဝင် ခေါင်းဆောင်ပိုင်းပါတီဝင်ပေါ့လေ။ သူတို့တွေနဲ့ပတ်သက်တာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီမှာလည်း နိုင်ငံမှာဖြစ်ပေါ်လာခဲ့တဲ့ ဆူပူအကြမ်းဖက်မှုနဲ့ ပတ်သက်ပြီးတော့ ဒီအထိကတော့ ကျွန်တော်တို့အနေနဲ့ ဘာမှပြဿနာ မရှိဘူး။ သို့သော်လည်းပဲ သတ်ဖြတ်တဲ့အချိန်၊ မိုင်းထောင်ဖောက်ခွဲ သတ်ဖြတ်တဲ့ အခြေအနေမျိုးကျရင်တော့ ဘာ့ကြောင့် ဒီပြဿနာဖြစ်လာလဲဆိုတာ ကျွန်တော်တို့ ဒီအဖြေထုတ်ရမယ်။ အဲ့ဒီတော့ ကျွန်တော်တို့ အဖြေထုတ်တဲ့အခါမှာ ဒီလူတွေက အကြမ်းဖက်သတ်ဖြတ်မှုအတွက် တစ်အချက် စီမံဆောင်ရွက်ခဲ့တာတွေရှိတယ်။ သူတို့အားပေးခဲ့တာ ရှိတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကြောင့် ပြည်သူတွေအများကြီး သေကျေခဲ့တာရှိတယ်။ သေတဲ့အထဲမှာ နိုင်ငံ့ဝန်ထမ်းတွေပါတယ်။ အပြစ်မဲ့တဲ့ပြည်သူတွေပါတယ်။ နောက် ဆရာ ဆရာမတွေပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေပါတယ်။ ရဟန်းသံဃာတွေပါတယ်။ သီလရှင်တွေပါတယ်။ ဒါတွေက သူတို့ရဲ့ ကြံစည်မှုတွေကြောင့်၊ သူတို့ရဲ့အားပေးမှုတွေကြောင့်၊ သူတို့ရဲ့စီမံမှုတွေကြောင့် ဖြစ်လာခဲ့တဲ့ဟာတွေဖြစ်တယ်။ ဒါတွေကတော့ ဥပဒေအရလည်း အရေးယူရမှာ ဖြစ်ပါတယ်။ ထို့အတူပဲ နောက်နှစ်ယောက်လည်း ရက်ရက်စက်စက်နဲ့ လူသတ်တဲ့ကိစ္စဖြစ်ပါတယ်။ ခင်ဗျားကို ကျွန်တော်ဥပမာတစ်ခု ပြောပြမယ်။ လူ တစ်ယောက်ကို သတ်တယ်ပေါ့နော်။ သေနတ်နဲ့ပစ်သတ်မယ်။ တစ်ချက်ချင်းပစ်တယ်။ တစ်ချက်တည်းပစ်ပြီး သေသွားတဲ့ဟာရှိမယ်၊ မသေတာလည်းရှိမယ်၊ တစ်ချက်ထိပြီးတော့ သူရှောင်သွားမယ်။ သို့သော်လည်း သူလူသတ်တာပဲ။ သို့သော် နှစ်ချက်ပစ်မယ်၊ သုံးချက်ပစ်မယ်၊ လေးချက် ပစ်မယ်၊ ငါးချက်ပစ်မယ် ဆိုရင်တော့ ဒါတော့ တကယ့်ကို သေအောင်လုပ်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာဖြစ်တယ်။ အခုလုပ်တဲ့သူတွေက အဲ့ဒီလိုလူတွေဖြစ်ပါတယ်။ တစ်ချက်နဲ့ မဟုတ်ဘဲနဲ့ နှစ်ချက်၊ သုံးချက်၊ လေးချက်၊ ငါးချက် သေနတ်နဲ့ပစ်တယ်၊ ဓားနဲ့ထိုးတယ်၊ ဒီလိုလူမျိုးကို ကျွန်တော်တို့ အပြစ်ပေးခြင်း ဖြစ်ပါတယ်။ ခင်ဗျားတို့ ဘယ်လို ဒီလိုလူမျိုးကို ဘယ်လိုလုပ် ခွင့်လွှတ်လို့ရတော့မလဲ။ သူတို့သတ်ထားတဲ့လူတွေရဲ့ မိသားစုတွေ ဘယ်လိုခံစားရမလဲ။ ဒါလည်း သူတို့ပြန်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အရင်က မလုပ်ခဲ့ဘူး။ သို့သော်လည်းပဲ ဒီတစ်ခါမှာ ရက်ရက်စက်စက်ကို လုပ်လွန်းအားကြီးတဲ့အတွက်ကြောင့် ဒီပြစ်ဒဏ်ကို ပေးဖို့အတွက် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီအင်တာဗျူး မေးခွန်းတွေကို စိတ်ရှည်လက်ရှည်နဲ့ ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ။

## ကြေညာချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**

**ကြေညာချက်**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်–

| စဉ် | သင်တန်းနှစ် | ဖွင့်လှစ်မည့်နေ့ရက် |
|---|---|---|
| (က) | ဒုတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| (ခ) | တတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| (ဂ) | စတုတ္ထနှစ်သင်တန်း (ဒုတိယနှစ်ဝက်) | ၄-၁၀-၂၀၂၂ |

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၁၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ဒလန်အကြောင်းပြ ဓားပြတိုက်သူများ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မော်လမြိုင်မြို့မှ လူနာပို့ဆောင်ပြီး ရေးမြို့သို့ ပြန်လာသည့် လူမှုကူညီရေးယာဉ်တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက် အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်သည်။ **သတင်းစဉ်**

# ပန်းတိုင်သို့ ချီရာလမ်း လှမ်းလျှောက်ခဲ့သည်

ဝဏ္ဏ (TGI)

စက်တင်ဘာလ ၅ ရက် ရုရှားစံတော်ချိန်အရ နံနက်ပိုင်းသည် ရာသီဥတုသာယာကြည်လင်လျက် ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အဆင့်မြင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပထမဆုံး သွားရောက်လေ့လာမည့်နေရာက Makarov Pacific Higher Naval School ဖြစ်သည်။ လေယာဉ်ခရီးစဉ် ၆ နာရီကျော်ကြာ ခရီးနှင်ခဲ့ရသော်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် လန်းဆန်းတက်ကြွစွာဖြင့်ပင် လေ့လာရေးခရီးစဉ်ကို စတင်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ အရှေ့ဖျား ရေငုပ်သင်္ဘောဌာနချုပ် Pacific Fleet Headquarters ၌ လေ့လာကြည့်ရှုစဉ်။

### ကော်ဖေါနီခင်း၍ ကြိုဆို

အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ယာဉ်တန်းသင်တန်းကျောင်းသို့ ရောက်ရှိချိန်တွင် ကျောင်းအုပ်ကြီးဖြစ်သူ Rear–Admiral Vladimir Vasilievich BURAKOV နှင့် တာဝန်ရှိသူများက ဖော်ရွေစွာဖြင့် ကြိုဆိုသည်။ ကျောင်းအတွင်း ညှော့ခန်းတွင် လျှောက်လမ်းတစ်လျှောက် ကော်ဖေါနီခင်း၍ ကြိုဆိုမှုကလည်း အလေးအနက်ထားမှုကို ဖော်ပြနေသည်။ ကျောင်းအုပ်ကြီးက ကျောင်း၏သင်တန်းသား အဆောင်များနှင့် ဌာနများဖြန့်ခွဲဆောင်ရွက်ထားရှိမှု၊ နှစ်စဉ်သင်တန်းသားများ စိစစ်ရွေးချယ်မှု၊ တက်ရောက်စေမှု၊ သင်တန်းသားများအား သင်တန်းနှစ်အလိုက် ဘာသာရပ်များ သင်ကြားပို့ချနေမှုနှင့် သင်တန်းကျောင်း၏ သမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြသည်။ မြန်မာ့တပ်မတော်(ရေ)နှင့် ရုရှားနိုင်ငံ(ရေ)တပ်တို့၏ သင်ကြားပို့ချပုံ၊ သင်တန်းသားခေါ်ယူမှု၊ လေ့ကျင့်မှုတို့ကိုနှိုင်းယှဉ်၍ အကြီးအကဲ၏ သိလိုသည့်မေးခွန်းများက မနည်းလှ။ အချိန်ခန့်ခွဲမှုအရ လှည့်လည်ကြည့်ရှုရန်လည်း အချိန်ပေးရဦးမည်ဖြစ်၍ အချို့မေးခွန်းများ၊ သိလိုသည်များကို လှည့်လည်ကြည့်ရှုရင်း ဆောင်ရွက်ကြမည်ဟုပြောရင်း စကားဖြတ်ပြီး လှည့်လည်ကြည့်ရှုမှုကိုစသည်။

### လေ့ကျင့်သင်ကြားပေးမှုများ ကြည့်ရှု

ကျောင်းဝင်းအတွင်း စာပေသင်ကြားပို့ချမှု၊ သင်ကြား၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ တပ်ဆင်သုံးစွဲမှုများ၊ Multimedia Room များဖြင့် လေ့ကျင့်သင်ကြားပေးမှုများကို ကြည့်ရှုသည်။ မတူညီသည့်ဌာနများအလိုက် ရှင်းလင်းပြသမှုတိုင်းတွင် မြန်မာ့တပ်မတော်နှင့် လေ့ကျင့်ရေး၊ ပညာရေးတို့အတွက် အထောက်အကူပြုစေမည့် မေးခွန်းများမေး၍ သိလိုသည်များကို စူးစမ်းသည်။ စက်မှု၊ လက်မှုပညာရပ်များဖြင့် လက်တွေ့လေ့ကျင့်ဆောင်ရွက်နေမှုများ၊ အုပ်ချုပ်မှုကိစ္စရပ်များဖြစ်သည့် သင်တန်းသားများနေထိုင်မှု၊ ကျွေးမွေးမှုစနစ်တိုင်းတွင်လည်း သိရှိပြီးဖြစ်သည့် အကြောင်းအရာအချို့ပါသည့်တိုင် ပြောင်းလဲလာမှု ရှိ/မရှိကို တီးခေါက်မေးမြန်းသည်။

သင်တန်းကျောင်း၏ စာကြည့်တိုက်အား IT စနစ်ဖြင့် ဖွင့်လှစ်ထားမှု၊ သင်တန်းသားများ ကိုယ်တိုင် ဆိုလာစနစ်သုံး ရေယာဉ်စမ်းသပ်မောင်းနှင်မှုတို့ကို ကြည့်ရှုချိန်တွင် အမိမြန်မာပြည်၏ အနာဂတ်မျိုးဆက်သစ်များ၊ အဆင့်မြင့်ပညာသင်ကြားကြမည့် တက္ကသိုလ်ကျောင်းသား/ကျောင်းသူများအတွက်ပါ ရည်ရွယ်သည့်မေးခွန်းများတွင် စေတနာစိတ်ကို ခံစားမြင်ရသည်။ အနာဂတ် မြန်မာနိုင်ငံတော် တည်ဆောက်ရေးတွင် ပညာရေး၏အရေးကြီးပုံကိုအလေးအနက်ထားမှုက အထင်းသားရှိသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Makarov Pacific Higher Naval School ၌ လေ့လာကြည့်ရှုစဉ်။

**“မြန်မာ့တပ်မတော်(ရေ)သည်လည်း တစ်လှမ်းမကသော ခြေလှမ်းအဖြစ် ရေငုပ်သင်္ဘောအချို့ကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မဝေးတော့သည့်ကာလတွင် ရှိသင့်သည့် အင်အားတစ်ခု တောင့်တင်းလာမည်ပင်ဖြစ်သည်။ အနာဂတ်တပ်မတော်(ရေ)အတွက် အကြီးအကဲမျှော်မှန်းမှုများက မေးခွန်းများတွင် သိသာသည်။ အနာဂတ်အတွက် စံပြုရန် သို့မဟုတ် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ထားသည့် ယခုလေ့လာမှုသည် အကျိုးရလဒ်မနည်းလှဟု ထင်သည်”**

### အကြံပြုသည်များကို ဆွေးနွေး

လှည့်လည်ကြည့်ရှုလေ့လာမှုများ အပြီးတွင် ကျောင်း၏ ညှော့သည်တော်မှတ်တမ်းတွင် လက်မှတ်ထိုး၍ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများကို အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်သည်။ တုံ့ပြန်သည့်စေတနာအဖြစ် ကျောင်းအုပ်ကြီးကလည်း လက်ဆောင်ပစ္စည်း ပြန်လည်ပေးအပ်ပြီး သင်တန်းကျောင်းမှ သင်တန်းသားအချို့နှင့် တွေ့ဆုံသည်။ သာမန်တွေ့ဆုံမှုတော့မဟုတ်။ Media သင်တန်းသားများဖြစ်၍ သူတို့သိလိုသည်များကို မေးသည်။ အကြံပြုလိုသည်များကိုလည်း ပေးသည်။ အကြီးအကဲကမူ ပြုံးရွှင်ရယ်မောပေါ့ပါးစွာဖြင့် ဖြေသည်။ အကြံပြုသည်များကို ဆွေးနွေးသည်။ သင်တန်းသားများလည်း လေးနက်သည့်စကား၊ ပေါ့ပါးသည့်ဟန်ဖြင့် တွေ့ရသည်ကပင် ကြည်နူးစရာ။

ဒုတိယမြောက် ဆက်လက်လေ့လာသည်က အရှေ့ဖျားရေငုပ်သင်္ဘောဌာနချုပ် Pacific Fleet Headquarters ဖြစ်ပြီး Deputy Commander of Pacific Navy Fleet ဖြစ်သူ Rear–Admiral Vladimir ASTAKHOV နှင့် တာဝန်ရှိသူများက ကြိုဆိုသည်။ ထို့နောက် ရေငုပ်သင်္ဘောဌာနချုပ်အတွင်းတွင်ရှိသည့် ရေငုပ်သင်္ဘောများပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်မှု၊ ကမ်းကပ်ရေငုပ်သင်္ဘောများ၏အုပ်ချုပ် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံရှင်းလင်းပြသသည့် အင်အားတောင့်တင်းသည့် ရေတပ်ပီပီ ရေငုပ်သင်္ဘောများကမနည်းလှ။

### အင်အားတစ်ခု တောင့်တင်းလာမည်

မြန်မာ့တပ်မတော်(ရေ)သည်လည်း တစ်လှမ်းမကသော ခြေလှမ်းအဖြစ် ရေငုပ်သင်္ဘောအချို့ကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ မဝေးတော့သည့်ကာလတွင် ရှိသင့်သည့် အင်အားတစ်ခု တောင့်တင်းလာမည်ပင်ဖြစ်သည်။ အနာဂတ်တပ်မတော်(ရေ)အတွက် အကြီးအကဲ မျှော်မှန်းမှုများက မေးခွန်းများတွင် သိသာသည်။ အနာဂတ်အတွက် စံပြုရန် သို့မဟုတ် နှိုင်းယှဉ်ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ထားသည့် ယခုလေ့လာမှုသည် အကျိုးရလဒ်မနည်းလှဟု ထင်သည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်မှုကို နှစ်ဖက်အကြီးအကဲများ ဆောင်ရွက်အပြီးတွင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရေငုပ်သင်္ဘောဌာနချုပ်မှ ပြန်လည်ထွက်ခွာကြသည်။

နားနေရန်မဟုတ်။ ရသရွှေ့သော အချိန်အတွင်း နေ့လယ်စာစားပြီးနောက် ယမန်နေ့က တည်းခိုခဲ့သည့် Far Eastern Federal University(FEFU) အတွင်းရှိ Medical School နှင့် Medical Center များသို့ ကူးသည်။ Medical School တွင် Vice President of Medical Affairs of FEFU ဖြစ်သူ Dr. Oleg l.Pak နှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျောင်းခန်းမအတွင်း၌ ကျောင်း၏ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအရ ထူးထူးခြားခြား သတိပြုမိသည်များလည်းရှိသည်။ ဆေးပညာရပ်များကိုသာ သင်ကြားနေခြင်းမဟုတ်ဘဲ ဆေးဘက်ဆိုင်ရာ အထောက်အကူပြု သင်တန်းများကိုပါ စာတွေ့၊ လက်တွေ့လေ့ကျင့်နေမှုနှင့် Robotic and Mech–anistic နည်းပညာအသုံးပြု၍ ခွဲစိတ်ကုသမှုများကိုပါ လေ့ကျင့်ဆောင်ရွက်နေမှုတို့ ဖြစ်သည်။ ကျယ်ပြန့်လှသည့် ဆေးပညာနယ်ပယ်အတွက် အကြားအလပ်မရှိအောင် စီမံမှုနှင့် ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်မှုများဟု ဆိုရမည်ဖြစ်သည်။ *စာမျက်နှာ ၇ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့ Far Eastern Federal University(FEFU) အတွင်းရှိ Medical School ၌ လေ့လာကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port of Vladivostok ၌ လေ့လာကြည့်ရှုစဉ်။

**■ အကြီးအကဲ၏မေးခွန်းများထဲတွင် သူ့ပြည်သူ/ပြည်သားများ၏ သက်သာချောင်ချိရေး၊ အရည်အသွေးပြည့်ဝသည့် ကုန်ပစ္စည်းများကို လုံလောက်အောင် ရရှိရေး၊ သယ်ယူပို့ဆောင်ခများ လျှော့နည်းသက်သာ၍ နိုင်ငံတော်၏ ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေးစသည့် များစွာသောအကြောင်းတရားများကို အခြေခံသည့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့လည်း ပါသည်။ ကျယ်ပြန့်လှသည့် ဆွေးနွေးမေးမြန်းမှုများတွင် အသေးစိတ်ကျသည့် ဆွေးနွေးမှုအထိ ပါဝင်၏။ ဆိပ်ကမ်းကို လှည့်လည်ကြည့်ရှုသည့်အခါ ကြီးမားကျယ်ပြန့်လှသည့် လုပ်ဆောင်နေမှုများကား အံ့မခန်းလှ**

*စာမျက်နှာ ၆ မှ*

### မင်္ဂလာသတင်းလည်း ကြားရ

ဤကျောင်း၏ ပညာဂုဏ်အရှိန်အဝါအရ လာရောက်ပညာသင်ကြားနေသည့် နိုင်ငံတကာမှ သင်တန်းသားများကလည်း မနည်းလှ။ နိုင်ငံပေါင်း ၄၆ နိုင်ငံမှ လာရောက်ပညာသင်ကြားနေသည်ဟု သိရပြီး မြန်မာနိုင်ငံ ဆေးပညာလောကအတွက် မင်္ဂလာသတင်းလည်း ကြားရသည်။ မြန်မာနိုင်ငံမှလည်း သင်တန်းသားများ စေလွှတ်မည်ဆိုပါက လက်ခံသင်ကြားပေးရန် အသင့်ရှိသည်ဟူသော သတင်း၊ ပညာသင်ယူမှု အခွင့်အလမ်းသာမက အနာဂတ်မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်နိုင်ရန် ခွန်အားတစ်ရပ်တစ်ဖွယ် ဖြစ်လာမည့် သတင်းဖြစ်သည်။ မင်္ဂလာမည်ပေစွ။ အကြီးအကဲ၏ မျက်နှာတွင်လည်း ရလဒ်ကောင်းသည့် ကမ်းလှမ်းမှုအတွက် ပီတိဖြင့် ပြုံးရွှင်နေသည်က ကြည်နူးဖွယ်ပင်။

### အကြီးဆုံးဆိပ်ကမ်း

ခရီးစဉ်အတွင်း ပထမနေ့ လေ့လာရေးခရီးအဖြစ်စတုတ္ထမြောက်နေရာမှာ ဗလာဒီဗော့စတော့ခ် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း Commercial Port of Vladivostok ဖြစ်သည်။ ဆိပ်ကမ်း၏သက်တမ်းက မနည်းလှ။ ၁၈၇၂ ခုနှစ်တွင် ရုရှားရေတပ်ဌာနချုပ်အဖြစ် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်လွန် ၁၉၅၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် နိုင်ငံတကာသင်္ဘောများ စတင်ဝင်ရောက်ခဲ့သည်ဟု သိရသည်။ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းအဖြစ် ၁၉၉၀ ပြည့်နှစ်မှ စတင်သတ်မှတ်ခဲ့ကြောင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အကြီးဆုံးဆိပ်ကမ်းဟု သိရသည်။ ဆိပ်ကမ်းသို့ ရောက်ရှိချိန်မှာ အချိန်အရည နေပိုင်းဖြစ်သော်လည်း ရာသီဥတုကွဲပြားမှုအရ အမှောင်ဘက်သို့ မရောက်သေး။

ဆိပ်ကမ်းသို့အရောက်တွင် Far Eastern Shipyard Company (FESC)၏ အကြီးအကဲ Mr.Andrey Severilov နှင့် ဒါရိုက်တာဘုတ်အဖွဲ့ဝင်များက ကြိုဆိုသည်။ အစည်းအဝေးခန်းမအတွင်း ရောက်ရှိစဉ် (FESC) အကြီးအကဲက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများဖြစ်သည့်အတွက် အကြီးအကဲအပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့လုံး စိတ်ပါဝင်စားစွာ နားထောင်ကြသည်။

ဆက်လက်တင်ပြမှုမှာ ကိုယ်စားလှယ်အဖွဲ့အတွက် ဝမ်းမြောက်နိုင်သည့် အချက်အလက်တွေပါသည်။ မြန်မာနိုင်ငံနှင့် ဆိပ်ကမ်းလုပ်ငန်း ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကုန်စည်ပို့ဆောင်ရေးဆောင်ရွက်နိုင်မည့် အခြေအနေများ တင်ပြမှုကြောင့်ဖြစ်သည်။ တင်ပြမှုအပြီးမှာ အကြီးအကဲ၏ သိလိုသည့်မေးခွန်းများစသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံကြား ကုန်သွယ်မှုကဏ္ဍမြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများ၊ ကုန်စည်ပို့ဆောင်နိုင်မည့် အခြေအနေများကို ဆက်စပ်၍မေးသည်။

အကြီးအကဲ၏မေးခွန်းများထဲတွင် သူ့ပြည်သူ/ပြည်သားများ၏ သက်သာချောင်ချိရေး၊ အရည်အသွေးပြည့်ဝသည့် ကုန်ပစ္စည်းများကို လုံလောက်အောင်ရရှိရေး၊ သယ်ယူပို့ဆောင်ခများ လျှော့နည်းသက်သာ၍ နိုင်ငံတော်၏ ဘဏ္ဍာငွေများ လေလွင့်မှုမရှိစေရေးစသည့် များစွာသောအကြောင်းတရားများကို အခြေခံသည့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့လည်း ပါသည်။ ကျယ်ပြန့်လှသည့် ဆွေးနွေးမေးမြန်းမှုများတွင် အသေးစိတ်ကျသည့် ဆွေးနွေးမှုအထိ ပါဝင်၏။ ဆိပ်ကမ်းကို လှည့်လည်ကြည့်ရှုသည့်အခါ ကြီးမားကျယ်ပြန့်လှသည့် လုပ်ဆောင်နေမှုများကား အံ့မခန်းလှ။

### ရလဒ်ကောင်းများလည်း ထွက်ပေါ်

ဆိပ်ကမ်းတွင် လှည့်လည်ကြည့်ရှုပြီးနောက် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးပြီး ပထမနေ့၏ လေ့လာမှုအား အဆုံးသတ်၏။ တစ်နေ့တာ လေ့လာမှု၊ စူးစမ်းမေးမြန်းမှု၊ တွေ့ဆုံဆွေးနွေးမှုများကား မနည်းလှ။ ပညာရေး၊ ကျန်းမာရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကာကွယ်ရေး စသည်ဖြင့် နယ်ပယ်များလှသည်။ ခရီးစဉ်၏ ပထမဆုံးသော နေ့ဟုဆိုသည့်တိုင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ဆောင်ရွက်ခဲ့မှုများက အမိမြန်မာပြည်အတွက် အကျိုးရှိစေမည့် ရလဒ်ကောင်းများလည်း ထွက်ပေါ်လာခဲ့သည်က ထင်ရှားသည်။ *(ဆက်လက်ဖော်ပြပါမည်)*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား Far Easterm Shipyard Company(FESC) ၏ အကြီးအကဲ Mr. Andrey Severilov နှင့် Board of Directors အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် အရှေ့တောင်အာရှနိုင်ငံများနှင့် ကုန်စည်စီးဆင်းမှုဆိုင်ရာ ဆောင်ရွက်နေသည့် အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

# ပညာရေးကို ဆုံးခန်းတိုင်အောင် အေးချမ်းစွာ သင်ယူနိုင်ရန် ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများ၊ ဝေးလံခက်ခဲသည့် ဒေသများမှ ကလေးများ၊ မသန်စွမ်းကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၃

**ကလေးအလုပ်သမားခိုင်းစေမှုများ ပပျောက်သွားစေရန်နှင့် လျော့နည်းသွားရန် အခွင့်အလမ်းကောင်းများ ဖန်တီးဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ဆိုသည်။**



ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ ပညာရေးနှင့်အသက်မွေးဝမ်းကျောင်းပညာ လုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီးက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး ကလေးအလုပ်သမားများကို စောင့်ကြည့်ရှာဖွေဖော်ထုတ်ခြင်း၊ လွှဲပြောင်းပေးခြင်းဆိုင်ရာ ဖော်ထုတ်ရေးလုပ်ငန်းစဉ်များတွင်လည်း မိမိတို့အနေဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များ အခြေခံပညာ KG + 9 ပြီးမြောက်စေရန် အခမဲ့ ပညာရေး အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ပညာရေးကို ဆုံးခန်းတိုင်အောင် အေးချမ်းစွာ သင်ယူနိုင်ရန် ဆင်းရဲနွမ်းပါးသည့် ကျောင်းသားများ၊ ဝေးလံခက်ခဲသည့် ဒေသများမှ ကလေးများ၊ မသန်စွမ်းကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ လိုအပ်သည့် ထောက်ပံ့မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် အလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် အခြေခံစာတတ်မြောက်ရေး လုပ်ငန်းများ၊ ရပ်ရွာဒေသနှင့် ကိုက်ညီသည့် စဉ်ဆက်ပညာရေး လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ သင်ယူမှုဝန်းကျင်အမျိုးမျိုး၊ သင်ယူမှုအခွင့်အလမ်း အမျိုးမျိုးကို ဖန်တီးပေးကြရမည်ဖြစ်ကြောင်း၊ ကျောင်းပြင်ပ ပညာရေး လိုအပ်သည့် နေရာဒေသအလိုက် ဝင်ရောက်ဆောင်ရွက်နေသကဲ့သို့ အခြေခံပညာကျောင်းများကလည်း လက်ရှိကျောင်းသားများ ပုံမှန်တက်ရောက်နိုင်ရေး၊ ကျောင်းထွက်မှု မရှိစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းခဲ့သည်။

အဆိုပါ အစည်းအဝေး၌ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးပြီး ပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ညှိနှိုင်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ပြည်တက္ကသိုလ်ရှိ အရာထမ်း/ အမှုထမ်း၊ မိသားစုဝင်များအား တတိယနှင့် စတုတ္ထအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

ပြည် စက်တင်ဘာ ၁၃

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်ရှိ တာဝန်ရှိသူများနှင့် သင်ကြား/စီမံဌာနပေါင်းစုံမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များအား ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် ယင်းတက္ကသိုလ်ဓမ္မာရုံ၌ တတိယအကြိမ်နှင့် စတုတ္ထအကြိမ် ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးထိုးနှံ ဆောင်ရွက်ပေးခြင်းကို ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတိုးလှိုင် ဦးဆောင်သော အဖွဲ့ဝင်များ လာရောက်ကြည့်ရှု အားပေးကြောင်း သိရသည်။(အပေါ်ပုံ)

ကာကွယ်ဆေးထိုးနှံပေးရာတွင် ပြည်တက္ကသိုလ်၌ တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်အပါအဝင် သင်ကြား/စီမံဌာနများမှ ပါမောက္ခဌာနမှူးများနှင့် ဆရာ ဆရာမများ၊ စီမံရေးရာဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များအနက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု တတိယအကြိမ် ၁၆၀ နှင့် စတုတ္ထအကြိမ် ၂၁၃ ဦး စုစုပေါင်း ၃၇၃ ဦးတို့ကို ပြည်ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငြိမ်းငြိမ်းအေး ဦးဆောင်သော ခရိုင်ပြည်သူ့ကျန်းမာရေး ဆရာဆရာမများအဖွဲ့က ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေး (Sinovac) ထိုးနှံဆောင်ရွက်ပေးကြောင်း တက္ကသိုလ် တာဝန်ရှိသူများထံမှ သိရသည်။

ကိုဆက်(ပြန်/ဆက်)

## တာချီလိတ်မြို့၌ ရေကြီးရေလျှံမှု စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်း

**တာချီလိတ် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့၌ ယမန်နေ့က မိုးများ အဆက်မပြတ်ရွာသွန်းမှုကြောင့် စိုးရိမ်ရေမှတ် အထက် ကျော်လွန်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းမှစ၍ ရေများ တဖြည်းဖြည်း ပြန်လည်ကျဆင်းလျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁၁ ရက် ညပိုင်းမှစ၍ မိုးများ အဆက်မပြတ်ရွာသွန်းပြီး တောင်ကျရေများကြောင့် မယ်ဆိုင်ချောင်း ရေကြီးရေလျှံမှုဖြစ်၍ မြေနိမ့်ပိုင်း မြို့ပေါ်ရပ်ကွက်တို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်း ၇နာရီခန့်တွင် ရေများတဖြည်းဖြည်း ပြန်လည် ကျဆင်းခဲ့ကြောင်း သိရသည်။

တာဝန်ရှိသူများ အနေဖြင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး မင်းမင်းထွန်း ဦးဆောင်သော နယ်မြေခံ တပ်မတော်သားများ၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်နှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ လူမှုကူညီရေး ပရဟိတ အသင်းဝင်များက ရေကြီးရေလျှံမှု အဆိုးရွားဆုံးဖြစ်ပေါ်တတ်သော နေရာများတွင် ကူညီ ကယ်ဆယ်ရေးအတွက် အသင့်စောင့်ဆိုင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ရေကင်းများ ချထားခြင်းတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယာဆေး( ပြန်/ဆက်)





## ပခုက္ကူမြို့နယ်၌ ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသည့် လူနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်

ပခုက္ကူ စက်တင်ဘာ ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေလယ်သောင်ကျေးရွာ၌ စက်တင်ဘာ ၈ ရက်က ဧရာဝတီမြစ်ရေကြီးပြီး ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့ခဲ့ရသည့် လူနေအိမ် ၂၆ လုံးအတွက် စက်တင်ဘာ ၁၁ ရက်က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာအုပ်စု ရေလယ်သောင်ကျေးရွာတွင် ဧရာဝတီမြစ်ရေကြီးပြီး ကမ်းပါးပြိုကျမှုဖြစ်ပွားခဲ့ကာ ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသော လူနေအိမ် ၂၆ လုံး၊ အိမ်ထောင်စု ၂၆ စု၊ လူဦးရေ ၉၂ ဦးတို့အတွက် တစ်အိမ်ထောင်လျှင် ပြောင်းရွှေ့စရိတ်နှင့် ဆန်ရိက္ခာဖိုး စုစုပေါင်းထောက်ပံ့ငွေကျပ် ၂၇၉၃၂၀၀ တို့ကို ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာရွှေနှင့် ဝန်ထမ်းများက ကမ်းပါးပြိုဘေးသင့်အိမ်ထောင်စုများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။(ဝဲပုံ)

ယင်းနောက် ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာအုပ်စု ရေလယ်သောင်၊ မြင်းကျွန်းနှင့် လေးလံကျွန်းကျေးရွာများရှိ မြစ်ကမ်းပါးပြိုကျမှုများနှင့် လူနေအိမ်များ ဖျက်သိမ်းပြောင်းရွှေ့မှုတို့ကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# နိုင်ငံကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေး လူငယ်ရေးရာမူဝါဒ အကောင်အထည်ဖော်ဆောင်ရွက်

**ပဲခူး စက်တင်ဘာ ၁၃**

လူငယ်များကို မှန်ကန်သည့် လမ်းကြောင်းပေါ်ရောက်ရှိစေပြီး နိုင်ငံကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၂) တွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာအဖွဲ့ဝင်များအနေဖြင့် တိုင်းဒေသကြီးအတွင်း လူငယ်ရေးရာအခန်းကဏ္ဍများနှင့် ခရိုင်နှင့် မြို့နယ်လူငယ်ရေးရာကော်မတီဝင်များ ဖွဲ့စည်းနိုင်ရေးနှင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဆောင်ရွက်သွားကြရန် ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဝင်များက လူငယ်ရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ်၌ ယာဉ်မတော်တဆမှု ၁၇၀ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၂၂၆ ဦးနှင့် သေဆုံးသူ ၈၉ ဦးရှိ

**ဘားအံ စက်တင်ဘာ ၁၃**

၂၀၂၁ ခုနှစ်အတွင်း ကရင်ပြည်နယ်၌ ယာဉ်မတော်တဆမှု ၁၇၀ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၂၂၆ ဦးနှင့် သေဆုံးသူ ၈၉ ဦးရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများတွင် ယာဉ်မောင်းသူ၏ ပေါ့ဆမှုကြောင့် ဖြစ်ပွားသည့် ယာဉ်မတော်တဆမှုမှာ အများဆုံးဖြစ်ပြီး မော်တော်ဆိုင်ကယ်ကြောင့် ဖြစ်ပွားမှု ၃၃ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြောကြားခဲ့သည်။

ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ ပထမအကြိမ် အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပခဲ့ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် အမှာစကားပြောကြားရာတွင် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ **(အောက်ပုံ)**

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်က ယာဉ်ရပ်နားစခန်းတွင်သာမက ကြားစခန်းများတွင်လည်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ပညာပေးစစ်ဆေးအရေးယူမှုများ ဆောင်ရွက်ရန်လိုကြောင်းနှင့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ချမှတ်ထားသော အထောက်အကူဖြစ်စေမည့် (Quick Win) အစီအမံ(၅)ရပ်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသာမက ပြည်သူအားလုံးကပါ Road Safety အဖြစ် အလေးအနက်ခံယူပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါ အစည်းအဝေး၌ ကရင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး Action Plan (2021–2030) ဆိုင်ရာများ၊ ကရင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ၊ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ မိုင်းဆတ်တပ်နယ်ကိုယ်စားပြု(က)အသင်း တံခွန်စိုက်ဒိုင်းဆုရရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၁၂ ရက် ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ခဲ့ပြီး တံခွန်စိုက်ဒိုင်းဆုအား မိုင်းဆတ်တပ်နယ်ကိုယ်စားပြု(က)အသင်းက ရရှိခဲ့ကြောင်း သိရသည်။



အဆိုပါ လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲစဉ်များဖြစ်သည့် ၅၇ ကီလိုလူသစ်တန်း၊ ၅၄ ကီလိုတန်း(ဂ)အဆင့်၊ ၅၇ ကီလိုတန်း(ဂ) အဆင့်နှင့် ၇၅ ကီလိုတန်း(ခ) အဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ အကောင်းဆုံး ကစားသမားဆုရရှိကြသူများ၊ အသင်းလိုက် ပထမဆုရရှိကြသူများ၊ ဒိုင်အဖွဲ့ဝင်များနှင့် တံခွန်စိုက် ဒိုင်းဆုရရှိသည့် မိုင်းဆတ်တပ်နယ် ကိုယ်စားပြု(က)အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဆန်တစ်ပြည် ငွေကျပ် ၁၄၀၀ နှုန်း၊ ဆီတစ်ပိဿာ ၆၅၀၀ နှုန်း ရောင်းချပေး

**စဉ့်ကူး စက်တင်ဘာ ၁၃**

စဉ့်ကူးမြို့နယ်၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို ယနေ့ နံနက် ၈ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ရောင်းချပေးခဲ့သည်။

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် အမှတ် (၂) စစ်အခြေခံလေ့ကျင့်ရေးတပ်မှ ဒုတိယဗိုလ်မှူးကြီး သောင်းစိန်ဦးစီး၍ စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးသော်တာထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အခြေခံစားသောက်ကုန်နှင့် ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဆန်တစ်ပြည် ငွေကျပ် ၁၄၀၀ နှုန်း၊ ဆီတစ်ပိဿာ ငွေကျပ် ၆၅၀၀ နှုန်း၊ ကြက်ဥတစ်လုံး ငွေကျပ် ၁၆၀ နှုန်း၊ ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၆၀၀ နှုန်း၊ အာလူးတစ်ပိဿာ ငွေကျပ် ၂၀၀၀ နှုန်း၊ ခရမ်းချဉ်သီးတစ်ပိဿာ ၂၃၀၀ နှုန်း၊ ပင်လယ်ပြာအိုင်အိုဒင်းဆား တစ်ပိဿာ ငွေကျပ် ၄၀၀ နှုန်း၊ ပင်လယ်ပြာ ငံပြာရည်ပုလင်း တစ်ပုလင်း ငွေကျပ် ၇၀၀ နှုန်းနှင့် ပဲတောင့်ရှည်များကို ရပ်ကွက်နေပြည်သူ ၂၀၀၀ ထံသို့ ရောင်းချပေးနိုင်ခဲ့သည်။

စဉ့်ကူးမြို့နယ်တွင် မြို့ပေါ်ရှိ ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိကျေးရွာများသို့ ဆက်လက်ရောင်းချပေးမည် ဖြစ်ကြောင်း စဉ့်ကူးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။

**တင်ဇာလွင်(ပြန်/ဆက်)**

# မဲဇလီကုန်း၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချ

**အင်္ဂပူ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ဗိုလ်အောင်ကျော်ဈေးရှေ့၌ ပြည်သူများအား အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ယနေ့နံနက် ၆ နာရီက ရောင်းချပေးခဲ့သည်။ **(အောက်ပုံ)**

အခြေခံစားသောက်ကုန်များရောင်းချခြင်းကို အင်္ဂပူမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ စီစဉ်ဆောင်ရွက်မှု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူများအတွက် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးရာတွင် ဆန်တစ်ပြည်လျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ဆန်အိတ် ၁၀ အိတ်၊ ကြက်ဥသုံးလုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥအလုံး ၁၀၀၀ နှင့် လတ်ဆတ်သော ဟင်းသီးဟင်းရွက်မျိုးစုံတို့ကို ရောင်းချပေးခဲ့သည်။

အဆိုပါ အခြေခံစားသောက်ကုန်များရောင်းချရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးနေမျိုးလင်းတို့က ကြည့်ရှုအားပေးခဲ့ပြီး အခြေခံစားသောက်ကုန်များကို ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်ရည်ရွယ်ပြီး ရောင်းချပေးခြင်းဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။ **မန်းကျော်(ပြန်/ဆက်)**



# ခရီးသည်တွေ ငွေကြေးသက်သာစွာနဲ့ သွားချင်တဲ့နေရာ အချိန်တိုအတွင်း ရောက်နိုင်တယ်၊ သက်သောင့်သက်သာစီးပြီး ပတ်ဝန်းကျင်ရှုခင်းတွေ ကြည့်နိုင်အောင် ဆောင်ရွက်ထားပါတယ်

**ဦးစိုးမိုးနိုင် မန်နေဂျာ၊ သွားလာရေးပို့ဆောင်ရေးဌာန တိုင်းတာဝန်ခံ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်း (၉) က ပုသိမ်-ဟင်္သာတ-ကြံခင်း (၁၈၁) အဆန်အမြန်ရထားနှင့် (၁၈၂) အစုန်အမြန်ရထားများ စက်တင်ဘာ ၁၁ ရက်မှစတင်၍ ပြန်လည်ပြေးဆွဲခဲ့ရာ မြန်မာ့မီးရထားမှ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းထားပါသည် -**

**ဦးစိုးမိုးနိုင်**
**မန်နေဂျာ၊ သွားလာရေး**
**ပို့ဆောင်ရေးဌာန တိုင်းတာဝန်ခံ**

**မေး ။ မြန်မာ့မီးရထား တိုင်း (၉) အနေနဲ့ အမြန်ရထားပြေးဆွဲနိုင်ဖို့ ပြင်ဆင်ဆောင်ရွက်ခဲ့မှုနဲ့ ပတ်သက်ပြီး ပြောပြပေးပါရှင့်။**

ဖြေ ။ ကျွန်တော်တို့ တိုင်းအနေနဲ့က အရင်က လော်ကယ်စာပို့ရထားနဲ့ အမြန်မီးရထား နှစ်စင်းအပါအဝင် စုစုပေါင်း ရှစ်စင်းပြေးဆွဲခဲ့ပေမယ့် ၂၀၂၀ ခုနှစ် ကိုဗစ်-၁၉ ကာလကစပြီး ရပ်ဆိုင်းထားခဲ့ရပါတယ်။ ဝင်ငွေရရှိနိုင်တဲ့ လမ်းပိုင်းကလည်း ပုသိမ်နဲ့ကြံခင်း လမ်းပိုင်းဖြစ်နေတဲ့အတွက် ပုသိမ်-ကြံခင်းရထားကို ပြန်ပြီးတော့ ဦးစားပေးပြေးဆွဲခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် အရင် ရထားရှစ်စင်းကနေ ဖျက်သိမ်းခဲ့ရပြီး (၁၈၅) အဆန်၊ (၁၈၆) အစုန်ရထားကို အရင်ဦးစားပေး ပြေးဆွဲလိုက်ပါတယ်။ အဲဒီလို ပြေးဆွဲတဲ့အခါမှာ ကိုဗစ်ကာလရဲ့ ဖြေလျှော့မှုတွေ ရှိလာတဲ့အခါ ခရီးသည်စီးနင်းမှုတွေကလည်း လိုက်ပါလာတယ်။ စာပို့ရထား ပြေးဆွဲနေရာမှာ ပြေးဆွဲချိန်များပါတယ်။ များတော့ ခရီးသည်တွေအနေနဲ့ အချိန်ပိုပေးရတယ်။ ငွေရေးကြေးရေးအားဖြင့်လည်း မီးရထားက လက်ရှိကားခနဲ့ဆိုရင် ၁ အချိုး ၃ ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့က နှစ်ဆလောက်သက်သာတယ်။ ရထားနဲ့သွားတဲ့လာတဲ့အခါ အမြန်ရထားပြေးဆွဲတဲ့နေရာမှာ ခရီးသည်တွေအနေနဲ့ သွားချင်တဲ့နေရာကို အချိန်တိုအတွင်း ရောက်နိုင်တယ်။

ဒါကြောင့် အမြန်ရထားပြေးဆွဲမယ့် အစီအစဉ်ကို နိုင်ငံတော်အကြီးအကဲရဲ့ ညွှန်ကြားချက်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်တွေရယ်၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့ (၁၈၁) အဆန်၊ (၁၈၂) အစုန် မီးရထားပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီအမြန်ရထားကြီး ပြေးဆွဲနိုင်ဖို့အတွက် တိုင်းအတွင်းမှာရှိတဲ့ စာပို့ရထားတွေမှာ ပြေးဆွဲနေတဲ့ တွဲဟောင်းတွေကို ပြန်ပြီးတော့ မွမ်းမံခြင်း၊ ဆေးသုတ်ခြင်း၊ စက်ခေါင်းများ ပြုပြင်ခြင်းများ ဆောင်ရွက်ရပါတယ်။

တစ်ဖက်မှာလည်း မြစ်ငယ်ကနေ ကျွန်တော်တို့တိုင်းကို ပို့လိုက်တဲ့ တွဲအသစ်တွေကို သရက်ဘူတာမှာ ကျွန်တော်တို့ ၁၇ - ၄ - ၂၀၂၂ ရက်နေ့ကစရောက်ပြီးတော့ သောင်တင်နေတယ်။ ဘာလို့လဲဆိုတော့ သရက်နဲ့ဥသျှစ်ပင်ကြားမှာ ရထား မပြေးဆွဲတာ သုံးနှစ်ကျော်သွားတော့ သံလမ်းတချို့ မြေမြုပ်ပြီး သစ်ပင်ကြီးငယ်တွေက ပေါက်နေတော့ လမ်းပိုင်းတွေက ဆိုးရွားနေတယ်။ မြစ်ငယ်ကဆွဲလာတဲ့ တွဲဆိုင်းက ဟင်္သာတကိုမရောက်ဘဲ သရက်မှာ သောင်တင်နေပါတယ်။ အဲဒါကို ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ ညှိနှိုင်းပြီးတဲ့အခါမှာ အဲဒီတွဲကို ဟင်္သာတရောက်အောင် စီစဉ်ဆောင်ရွက်ပါတယ်။

အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူးက တွဲဆိုင်းတွေကို တစ်လနဲ့ရောက်အောင်ဆွဲဖို့ စီစဉ်ခဲ့ပေမယ့်လည်းပဲ ဒုတိယဝန်ကြီးက တစ်လနဲ့မလုပ်ဘဲ လိုအပ်တာကိုပြော၊ ဘာအခက်အခဲရှိလဲ၊ အင်ဂျင်နီယာမှူးကြီး (မြို့ပြ) ကရော ဘာလိုအပ်လဲ၊ မင်းတို့လိုအပ်တာကိုပြော ရှစ်ရက်နဲ့လမ်းဖောက်ပြီး တွဲဆိုင်းတွေကို ဟင်္သာတကိုရောက်ချင်တယ် ပြောပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ၄ ရက်



ဦးစိုးမိုးနိုင်
မန်နေဂျာ၊ သွားလာရေး
ပို့ဆောင်ရေးဌာန တိုင်းတာဝန်ခံ

နေ့ကစပြီး ဒီဇယ်ဆီဂါလန် ၂၄၀၀၊ လုပ်သားအင်အား ၁၀၀ ကျော်၊ ဘက်ဟိုး၊ ဒိုဇာသုံးစီးနဲ့ လမ်းပိုင်းအလိုက် နေ့စားတွေ ငှားပြီးတော့ ကြံခင်း-ဥသျှစ်ပင်ကြား တစ်ပိုင်း၊ ဥသျှစ်ပင်နဲ့ ဘုရားပေါ်ကြား တစ်ပိုင်း၊ ဘုရားပေါ်နဲ့ ကံမကြား တစ်ပိုင်း၊ ကံမနဲ့သရက်ကြားပိုင်းတစ်ပိုင်း၊ အဲဒီလိုအပိုင်းလိုက်ခွဲပြီးတော့ နေ့စားတွေ၊ အင်ဂျင်နီယာဝန်ထမ်းတွေနဲ့ ပေါင်းစပ်ပြီး သူ့လမ်းပိုင်းအလိုက် သူတောက်လျှောက်ဖောက်ခဲ့တာ ၁၀ ရက်နေ့မှာ ကြံခင်းဘူတာကို တွဲဆိုင်းအသစ်တွေ ရောက်လာတာဖြစ်ပါတယ်။

ကြံခင်းဘူတာရောက်တော့ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုံး သူကိုယ်တိုင် တွဲဆိုင်းအသစ်ကြီးကို လာပြီးတော့ ကြိုဆိုမယ်ဆိုပြီး စီစဉ်ထားပေမယ့် အခြေအနေကြောင့် ပုသိမ်ကနေ ကြိုဆိုမယ်ဆိုပြီး ညွှန်ကြားပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးကလည်း အမြန်ရထားပြေးဆွဲဖို့ အစီအစဉ်ကို ဒီကနေ့ကစပြီး ချက်ချင်းအမြန်အကောင်အထည်ဖော် ပြေးဆွဲတော့ဆိုတဲ့ ညွှန်ကြားချက်အရ ကျွန်တော်တို့ ရထားတိုင်ပင်တွေ ရေးဆွဲရပါတယ်၊ လိုအပ်တဲ့ တွဲတွေထပ်မံပြုပြင်ပြီးတော့ ကြံခင်းကို ရောက်နေတဲ့ တွဲဆိုင်းအသစ်နဲ့ လက်ရှိပုသိမ်မှာ မွမ်းမံထားတဲ့ တွဲဆိုင်းအသစ်၊ အဲဒီတွဲဆိုင်းတွေနဲ့ (၁၈၁) အဆန်၊ (၁၈၂) အစုန်ဆိုပြီး အမြန်ရထားနှစ်စင်းကို စက်တင်ဘာလ ၁၁ ရက်နေ့မှာ ပုသိမ်-ကြံခင်း၊ ကြံခင်း-ပုသိမ် အစုန်/အဆန် ပြေးဆွဲနိုင်ခဲ့ပါတယ်။



စက်တင်ဘာ ၁၁ ရက်က ပုသိမ်-ဟင်္သာတ-ကြံခင်း လမ်းပိုင်း၌ ရထား ပြန်လည်ပြေးဆွဲသည့် အခမ်းအနားကျင်းပစဉ်။

**မေး ။ အမြန်ရထား ပြေးဆွဲနိုင်ဖို့ ကြိုတင်ပြင်ဆင်ရတဲ့ လုပ်ငန်းတွေကို အချိန်တိုအတွင်း ဆောင်ရွက်ရတာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း ပြောပေးပါဦးဆရာ။**

ဖြေ ။ အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ရတဲ့အတွက် တွေ့ကြုံရတဲ့ အခက်အခဲတွေကတော့ မြို့ပြဌာန ဆိုရင် အချိန်တိုအတွင်းမှာ လမ်းဖောက်လိုက်ရတာမှာ ရထားတွဲကြီးကို တစ်နေကုန်ကို တစ်နာရီမှာမှ တစ်မိုင်၊ တစ်မိုင်ခွဲ လမ်းကြောင်းဖော်ပြီးမှ အနောက်ကနေ တွဲဆိုင်းကြီးက လိုက်ပြီး မောင်းရတာ၊ အရှေ့ကနေ ဒိုဇာတွေ၊ ဘက်ဟိုးတွေနဲ့ လမ်းကြောင်းဖော်ပြီးမှ နောက်ကနေလိုက်ရတာ တော်တော်လေးခက်ခဲပါတယ်။ ဝန်ထမ်းတွေလည်း တော်တော်လေးပင်ပန်းပါတယ်။ ဌာနစုံကဝန်ထမ်းတွေ ပါဝင်ခဲ့ပါတယ်၊ စက်ခေါင်းတွေ ပြုပြင်တဲ့အခါမှာလည်း သူတို့လုပ်ရတဲ့အနေအထားက အချိန်တိုအတွင်းမှာ သူတို့လုပ်ရတာ တွဲဆိုင်းတွေ စစ်ဆေးမွမ်းမံဖို့အတွက် လိုအပ်တဲ့ပစ္စည်းတွေ၊ ဆေးတွေ၊ အလုပ်သမားအင်အားတွေကို မဖြစ်မနေ ဟင်္သာတမှာ ချက်ချင်းဆေးသုတ်၊ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူပြင်ဆင်ပြီးတော့ ဟင်္သာတ-ပုသိမ်ကို တိုက်ရိုက် အဆင်သင့် ပို့ထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီကနေ့မှာတော့ (၁၈၁)အဆန်၊ (၁၈၂) အစုန် အမြန်ရထားဟာ ချောချောမောမော ပြေးဆွဲနိုင်တာဖြစ်ပါတယ်။

**မေး။ မြန်မာ့မီးရထားအနေနဲ့ အခုလို အမြန်ရထားပြေးဆွဲနိုင်အောင် ကြိုးစား ဆောင်ရွက်ပေးမှုအပေါ် ခရီးသည်တွေအနေနဲ့ရော နိုင်ငံတော်အတွက်ပါ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရနိုင်ပါသလဲရှင်။**

ဖြေ ။ အခုလို အမြန်ရထားကို ပြန်လည်ပြေးဆွဲနိုင်ဖို့အတွက် ခရီးသွားပြည်သူတွေအတွက် နီးစပ်ရာတွေက တစ်ဆင့်၊ ရုံပိုင်တွေကတစ်ဆင့် သိရှိနိုင်အောင် ဘူတာရုံတွေမှာ အသံနဲ့ လွှင့်ထားပေးပါတယ်။ ဒီအမြန်ရထားပြေးဆွဲတဲ့အတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ခရီးသည်တွေအနေနဲ့ ရလာသလဲဆိုရင် အရင်က စာပို့ရထားကို ပုသိမ်-ကြံခင်း၊ ကြံခင်း-ပုသိမ် ပြေးဆွဲတုန်းက ခရီးစဉ် အစုန်/ အဆန် တစ်ခုကို ၁၂ နာရီမောင်းရပါတယ်။ အခု အမြန်ရထား (၁၈၁) အဆန်ရထားဆို ၉ နာရီနဲ့ မိနစ် ၅၀ ပဲ ပြေးဆွဲချိန်ရှိပါတယ်။ နောက် (၁၈၂) အစုန်ဆိုရင်လည်း ပြေးဆွဲချိန် ၉ နာရီနဲ့ ၅၅ မိနစ်ပဲရှိတဲ့အတွက် ယခင်စာပို့ရထား ပြေးဆွဲချိန်တုန်းက နှုန်းနဲ့ ချိန်ထိုးတွက်ကြည့်မယ်ဆိုရင် ခရီးသည်တွေအနေနဲ့ အချိန်နှစ်နာရီကျော် စောပြီးရောက်တာကို တွေ့ရပါတယ်။ ဒါဟာ တိုးတက်မှုတစ်ခုပါ။ နောက်တစ်ခုက ငွေရေးကြေးရေးအနေနဲ့ တွက်ရင် အမြန်ရထားလို့ပြောပေမယ့် လက်မှတ်များကို အမြန်ရထားနှုန်း မတင်ပါဘူး၊ စာပို့နှုန်းနဲ့ပဲ လက်မှတ်များကို သက်သောင့်သက်သာဖြစ်အောင် ဆောင်ရွက်ပေးထားပါတယ်။

ကျွန်တော်တို့ သတ်မှတ်တာက အမြန်နှုန်း၊ စာပို့နှုန်း၊ လော်ကယ်နှုန်း ဆိုပြီး အတန်းအစားအလိုက် ခွဲခြားပေမယ့် ကျွန်တော်တို့ မီးရထားအနေနဲ့ တိုင်းအတွင်းမှာ စာပို့နှုန်းနဲ့ပဲ အမြန်ရထားကို ယူပါတယ်။ သို့သော်လည်းပဲ အထက်တန်းတွဲမှာ စီးချင်ရင်တော့ ရိုးရိုးတန်းရဲ့ နှစ်ဆနဲ့ ရောင်းပေးပါတယ်။ ခရီးသည်တွေ သက်သောင့်သက်သာစီးရတယ်၊ ပတ်ဝန်းကျင်ရှုခင်းတွေ ကြည့်ရတယ်၊ နောက်ပြီး အပေါ့အပါး သွားချင်ရင်လည်း သန့်စင်ခန်းတွေကိုလည်း သန့်ရှင်းကောင်းမွန်အောင် မီးရထားအနေနဲ့ ဆောင်ရွက်ထားပေးပါတယ်။

ဒီလို ဆောင်ရွက်နိုင်တာကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်ပြီး တာဝန်ရှိတဲ့ ဝန်ထမ်းတွေ၊ အဖွဲ့အစည်းတွေ၊ မီးရထားက ဌာနစုံဝန်ထမ်းတွေအားလုံး ပေါင်းစည်းပြီးတော့ ဒီလို အမြန်ရထားကို အစုန်/အဆန် ပြေးဆွဲနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်နဲ့ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၈၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၅၃၀ | ၂၅၅၀ | ၂၅၃၅ | ၂၅၁၅ | ၂၆၀၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၈၅ | ၃၁၆၀ |
| 95 Ron | ၂၅၇၅ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၆၂၀ | ၂၆၄၅ | ၂၆၃၀ | ၂၆၁၀ | ၂၇၀၀ | ၂၇၁၅ | ၂၆၁၅ | ၂၆၃၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၆၀ | ၂၈၈၀ | ၃၂၂၅ |
| HSD (500 ppm) | ၃၀၆၅ | ၃၁၁၀ | ၃၁၁၀ | ၃၀၇၅ | ၃၁၁၀ | ၃၁၃၅ | ၃၁၃၀ | ၃၀၉၅ | ၃၂၁၀ | ၃၂၀၅ | ၃၁၀၅ | ၃၁၁၅ | ၃၁၄၅ | ၃၁၄၅ | ၃၁၅၀ | ၃၃၇၀ | ၃၈၉၅ |
| HSD (50 ppm) | ၃၁၅၀ | ၃၁၉၅ | ၃၁၉၅ | ၃၁၆၀ | ၃၁၉၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၈၀ | ၃၂၉၅ | ၃၂၉၀ | ၃၁၉၀ | ၃၂၀၀ | ၃၂၃၀ | ၃၂၃၀ | ၃၂၃၅ | ၃၄၅၅ | ၃၉၃၀ |
| HSD (10 ppm) | ၃၁၅၀ | ၃၁၉၅ | ၃၁၉၅ | ၃၁၆၀ | ၃၁၉၅ | ၃၂၂၀ | ၃၂၁၅ | ၃၁၈၀ | ၃၂၉၅ | ၃၂၉၀ | ၃၁၉၀ | ၃၂၀၀ | ၃၂၃၀ | ၃၂၃၀ | ၃၂၃၅ | ၃၄၅၅ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၂ | ၂၄၅၃ |
| 95 Ron | ၂၄၆၂ | ၂၅၄၄ |
| HSD (500 ppm) | ၂၉၃၈ | ၃၀၂၆ |
| HSD (50 ppm) | ၃၀၁၈ | ၃၁၀၈ |
| HSD (10 ppm) | ၃၀၁၈ | ၃၁၀၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

*စာမျက်နှာ ၁၀ မှ*

**ဒုရဲမှူး လှသိန်း**
**ရထားရဲတပ်ဖွဲ့ ၊ အမှတ် ၂၀ တပ်ဖွဲ့**
**ဟသ်ာတတပ်ဖွဲ့မှူး**



ဒုရဲမှူး လှသိန်း
ရထားရဲတပ်ဖွဲ့ ၊ အမှတ် ၂၀ တပ်ဖွဲ့
ဟသ်ာတတပ်ဖွဲ့မှူး

**မေး ။ မီးရထား ရဲတပ်ဖွဲ့အနေနဲ့ ခရီးသွား ပြည်သူတွေအတွက် လုံခြုံရေးဆောင်ရွက်နေမှုကို ပြောပြပေးပါရှင်။**

ဖြေ ။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ အမြန်ရထား နှစ်စင်းကို စတင်ပြေးဆွဲပါတယ်။ (၁၈၁) အဆန် (ပုသိမ်-ဟသ်ာတ-ကြံခင်း)ရထားနဲ့ အမှတ် (၁၈၂) အစုန် (ကြံခင်း- ဟသ်ာတ- ပုသိမ်) ရထားတို့ ဖြစ်ပါတယ်။ အဲဒီရထားတစ်စင်းစီတိုင်းမှာ ကျွန်တော်တို့ဆီက လုံခြုံရေးဆောင်ရွက်လျက် ရှိပါတယ်။

ရထားရဲတပ်ဖွဲ့ရဲ့ အဓိက ရည်မှန်းချက်တာဝန်တွေမှာ ရထားစီးခရီးသည်တွေ လုံခြုံစိတ်ချစွာ ခရီးသွားလာနိုင်ရေး၊ မြန်မာ့မီးရထားပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရန် တာဝန်ထမ်းဆောင်ရေး၊ ရထားရဲတပ်ဖွဲ့များရဲ့ အရည်အချင်းပြည့်ဝရေး၊ စည်းကမ်းကောင်းမွန်စေရေး၊ အစဉ်လေ့ကျင့်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန် (၃) ရပ်ကို အကောင်အထည်ဖော်ဖို့အတွက် ချမှတ်ထားတဲ့ လုပ်ငန်းတာဝန် (၉) ချက်နဲ့အညီ ရထားပေါ်မှာ လိုက်ပါလာတဲ့ ခရီးသွားပြည်သူတွေရဲ့ လုံခြုံရေး၊ ရထားပေါ်မှာနဲ့ ရထားဘူတာရုံ အနီးတစ်ဝိုက်မှာ ခိုးဆိုးနှိုက်မှုတွေ မဖြစ်ပေါ်စေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ ရထားဘူတာနှင့် ရထားလမ်းများ၊ စက်ရုံများ လုံခြုံရေးဆောင်ရွက်ခြင်း၊ မီးရထားပိုင်ပစ္စည်းများ ပျောက်ဆုံးလေလွင့်မှု မရှိစေရေးဆောင်ရွက်ပါတယ်။ နောက်ပြီး ဘူတာရုံများ သန့်ရှင်းရေးနဲ့ လေလွင့်သူများ မရှိရေးဆောင်ရွက်ခြင်း၊ ရထားဘူတာနဲ့ မြန်မာ့မီးရထားလမ်းတို့မှာ မှုခင်းကြိုတင်ကာကွယ်ရေးဆောင်ရွက်ရန်နဲ့ စုံစမ်းဖော်ထုတ်အရေးယူခြင်း၊ ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ၊ လက်နက်ပုန်းများ သယ်ဆောင်မှုအား ကာကွယ်တားဆီးရေး၊ မူးယစ်ဆေးဝါးအပါအဝင် ဥပဒေနှင့်ဆန့်ကျင်သောပစ္စည်းများ သယ်ဆောင်ခြင်းမှ ကာကွယ်တားဆီးခြင်း၊ အရေးကြီးပုဂ္ဂိုလ်များရဲ့ ခရီးစဉ်လုံခြုံရေး လိုက်ပါဆောင်ရွက်ခြင်း၊ မြန်မာ့မီးရထားရဲ့ ရည်မှန်းချက်များ အောင်မြင်စေရေး ကူညီဆောင်ရွက်ခြင်းတို့ ဖြစ်ပါတယ်။

ခရီးသွားပြည်သူတွေအနေနဲ့ အခက်အခဲရှိရင်လည်း ကျွန်တော်တို့ မီးရထားရဲတပ်ဖွဲ့ဝင်တွေက ကူညီပြီးတော့ ဆောင်ရွက်ပေးပါတယ်။ တစ်ခါတစ်လေ ကိုယ်ဝန်ဆောင်ခရီးသည်တွေ မီးဖွားခါနီး ပါလာတာရှိတယ်။ အဲဒီအခါမျိုးမှာ သက်ဆိုင်ရာ မီးရထားဝန်ထမ်းတွေနဲ့ အနီးအနားမှာရှိတဲ့ သက်ဆိုင်ရာဌာနဆိုင်ရာတွေ၊ ပြည်သူတွေနဲ့ ပူးပေါင်းပြီး ဆေးရုံကြီးတွေ လိုက်ပို့ပေးတာမျိုး ကူညီဆောင်ရွက်ပေးခဲ့တာ ရှိပါတယ်။

**မေး ။ ခရီးသွားလာရင်း ရထားပေါ်မှာ ရဲတပ်ဖွဲ့အနေနဲ့ တွေ့ကြုံရတဲ့ အခက်အခဲနဲ့ ရထားပေါ်မှာ ပြစ်မှုကျူးလွန်တဲ့ ဖြစ်စဉ်လေးတွေရှိရင်လည်း ပြောပြပေးပါရှင်။**

ဖြေ ။ ရထားစီး ခရီးသည်တွေအနေနဲ့ ကျွန်တော်တို့ရထားရဲတပ်ဖွဲ့တွေသည် ရထားစီးခရီးသည်တွေ လုံခြုံရေးအတွက် ရှာဖွေစစ်ဆေးမှုတွေ လုပ်ရပါတယ်။ အဲဒီအခါ ကျွန်တော်တို့ကို ကြည်ဖြူစွာနဲ့ စစ်ဆေးမှုခံယူပေးစေလိုပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာတော့ ခိုးဆိုးမှုနဲ့ ဖမ်းဆီးခံရတာမျိုး မရှိသေးပါဘူး။ အဲဒီလို ခိုးဆိုးမှုနဲ့ ဖမ်းဆီးမှုတွေ မဖြစ်ရအောင် ကျွန်တော်တို့ ရထားရဲတပ်ဖွဲ့အနေနဲ့ ခရီးသည်တွေရဲ့ လုံခြုံရေးကို အဓိက ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နောက်ပြီး ကျွန်တော့်တပ်ဖွဲ့ဝင်တွေကိုလည်း မီးရထားပေါ်လိုက်ပါပြီး တာဝန်မထမ်းဆောင်မီ ကြီးကြပ်သူ အရာရှိတွေက လုံခြုံရေးပိုင်းဆိုင်ရာတွေ၊ မှုခင်းပိုင်းဆိုင်ရာတွေ၊ ကြိုတင်ကာကွယ်ရေးတွေ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ မှာကြားပြီး စနစ်တကျ စေလွှတ်ပါတယ်။ ဒါ့အပြင် တာဝန်ထမ်းဆောင်စဉ် အခက်အခဲ ရှိ/မရှိ အမြဲအဆက်အသွယ်လုပ်ပါတယ်။ ထူးခြားဖြစ်စဉ်ဖြစ်ခဲ့ရင်လည်း အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်အောင် ဆက်သွယ်မှုတွေ ဆောင်ရွက်ထားပါတယ်။

**မေး ။ ခရီးသွားပြည်သူတွေကို မြန်မာ့မီးရထား ရဲတပ်ဖွဲ့ဝင်အနေနဲ့ ပြောချင်တာလေးရှိရင် ပြောပြပေးပါရှင်။**

ဖြေ ။ အဓိကကတော့ ကျွန်တော်တို့ ရဲတပ်ဖွဲ့တွေက မှုခင်းပညာပေးတဲ့ အပိုင်းတွေ လုပ်သလို၊ ခရီးသွားပြည်သူတွေကလည်း မှုခင်းအသိဖြစ်တဲ့ ကိုယ့်ရဲ့ ပစ္စည်းတွေ မပျောက်ရှရအောင် စနစ်တကျ ထိန်းသိမ်းဖို့လိုပါတယ်။ ဒါ့အပြင် ခရီးသွားရင်း မလိုအပ်တဲ့ သူစိမ်းတစ်ယောက်ကို ယုံကြည်မှု မလွန်ကဲဖို့ ပြောချင်ပါတယ်။ လိုအပ်ရင် ကျွန်တော်တို့ ရထားပေါ်မှာပါတဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို အကြောင်းကြားပေးဖို့၊ ကျွန်တော်တို့ကလည်း ပြစ်မှုကျူးလွန်သူတွေကို အမြန်ဆုံး ဖမ်းဆီးရမိဖို့အတွက် အမြဲတမ်း အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပါတယ်။ ကျွန်တော်တို့ ရထားရဲတပ်ဖွဲ့အနေနဲ့ ခရီးသည်များရဲ့ လုံခြုံရေးအတွက် လိုအပ်တဲ့ ရှာဖွေစစ်ဆေးမှုတွေ ဆောင်ရွက်တဲ့အခါမှာ ခရီးသည်တွေဘက်ကလည်း ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ ရထားရဲတပ်ဖွဲ့နဲ့ ပြည်သူ ပူးပေါင်းပါမှ ရထားစီးခရီးသည်တွေက လမ်းခရီးတစ်လျှောက် စိတ်အေးချမ်းမြေ့လုံခြုံစွာနဲ့ သွားလာနိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တွေ့ဆုံမေးမြန်း - ခင်စန္ဒာဆွေ
(လက်ထောက်ညွှန်ကြားရေးမှူး)

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ဟားခါးမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်



**နေပြည်တော် စက်တင်ဘာ ၁၃**

ချင်းပြည်နယ် ဟားခါးမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများက ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယတိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ ဌာနဆိုင်ရာဝန်ထမ်းများအား Mobile Library စနစ်ဖြင့် ကွင်းဆင်း၍ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေး

**ဝေါ စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် စာအုပ်စာစောင်များ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်ကာ ယနေ့ နံနက် ၁၀ နာရီက Mobile library စနစ်ဖြင့် ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်းသွားရောက်၍ စာအုပ်စာစောင်များ (အခမဲ့)ငှားရမ်းပေးခြင်းကို ဆောင်ရွက်ကြသည်။



ထိုသို့ Mobile library စနစ်ဖြင့် စာအုပ်စာစောင်ပြသခြင်းနှင့် ငှားရမ်းပေးခြင်းကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဌာနဆိုင်ရာရုံးများရှိ ဝန်ထမ်းများ စာပေကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန်အတွက် သုတ/ရသ စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ဂျာနယ်များ စသည့်အသိပညာဗဟုသုတ ရရှိစေမည့် စာအုပ်စာစောင်များကို Mobile library စနစ်ဖြင့် ငှားရမ်းပေးခြင်းကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအား Mobile library စနစ်ဖြင့် စာအုပ်များ ငှားရမ်းပေးခြင်း၊ ဖတ်ရှုပြီးစာအုပ်များ ပြန်လည်သိမ်းခြင်း၊ အသစ်ထပ်မံငှားရမ်း ဖတ်ရှုနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် စာငှားအသင်းဝင် ကတ်များကိုလည်း အခမဲ့ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မြတ်လင်း(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်၌ ငါးသယံဇာတ ထိန်းသိမ်းရေးဇုန်(၂)အတွင်း ငါးမျိုးစိုက်ထည့်

**လေးမျက်နှာ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များအတွင်း ငါးသယံဇာတ ရေရှည်တည်တံ့စေရေးနှင့် ငါးရိက္ခာများ ဖူလုံစေရန်ရည်ရွယ်၍ ဒုတိယအကြိမ် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၈ ရက်က ရှမ်းရွာကျေးရွာအုပ်စု ဇင်ပြွန်းကုန်းကျေးရွာ ငါးသယံဇာတထိန်းသိမ်းရေးဇုန်(၂)၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးပိုင်၊ လေးမျက်နှာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်လဲ့လဲ့အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရေလုပ်သားများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော်နှင့် ရေလုပ်သားများတက်ရောက်ပြီး ငါးမြစ်ချင်းအကောင်ရေ သုံးသိန်းကို သဘာဝရေပြင်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# MRTV Logo အား ရယူအသုံးပြု ထုတ်လွှင့်လျက်ရှိသည့် Facebook Page အတုကိုစွ အသိပေးထုတ်ပြန်ခြင်း

"ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက အများပြည်သူအတွက် ထုတ်လွှင့်ဝန်ဆောင်မှုပေးလျက်ရှိသည့် MRTV HD နှင့် ဆက်စပ်ရုပ်သံလိုင်းများ၏ ရုပ်သံအစီအစဉ်များကို MRTV Media Application တွင် အကြောင်းအရာအလိုက် ကဏ္ဍခွဲ ၁၁ ခုဖြင့် ထုတ်လွှင့်ဖော်ပြလျက်ရှိရာ အဆိုပါ MRTV Media Application ၏ Logo ကို profile ပုံအဖြစ်လည်းကောင်း၊ MRTV ၏ logo အဟောင်းကို Cover photo အဖြစ် လည်းကောင်း ရယူတုပအသုံးပြု၍ "Myanmar Radio and Television" အမည် Facebook Page ဖြင့် ညစ်ညမ်းပစ္စည်းများရောင်းချနေမှုကို စိစစ်တွေ့ရှိရပါသည်။







ထိုကဲ့သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အမည်နှင့် Logo များကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာဆောင်ရွက်လျက်ရှိသည့် Facebook Page အတုအပါအဝင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အမည် Logo နှင့် ပုံရိပ်များကို ဆင်တူယိုးမှား တုပအသုံးပြုမှုများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများမှ ထုတ်လွှင့်လျက်ရှိသည့် ရုပ်သံအစီအစဉ်များအား MRTV ၏ ဝက်ဘ်ဆိုက်လိပ်စာများဖြစ်သည့် www.mrtv.gov.mm နှင့် www.mrtv-media.com တို့မှ လည်းကောင်း MRTV media application မှ လည်းကောင်း၊ MRTV twitter နှင့် MRTV telegram စသည့် လူမှုကွန်ရက်စာမျက်နှာများမှလည်းကောင်း ကဏ္ဍစုံစွာဖြင့် သီးခြားစီ လွှင့်တင်ထားသဖြင့် အများပြည်သူအနေဖြင့် အလွယ်တကူ ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ရှင်းလင်းထုတ်ပြန်အပ်ပါသည်။"

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား**

### MRTV Fake Page Link များ

Myanmar Radio and Television – MRTV
https://www.facebook.com/lacohome.shop

MRTV - Myanmar Radio and Television
https://www.facebook.com/MRTV-Myanmar-Radio-and-Television-116145771093641/

Myanmar radio and television – MRTV
https://www.facebook.com/profile.php?id=100082983204902

Myanmar Radio and Television – MRTV
https://www.facebook.com/profile.php?id=100066375564929

Myanmar Radio and Television – MRTV
https://www.facebook.com/Myanmar-Radio-and-Television-MRTV-109467965086921/

Myanmar Radio and Television – MRTV
https://www.facebook.com/Myanmar-Radio-and-Television-MRTV-112821308806842/

Myanmar Radio and Television – MRTV
https://www.facebook.com/profile.php?id=100083305834195

# (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်မှုပြုလုပ်ရန် တရုတ်နိုင်ငံသို့ အားကစားသမားများ ကမ္ဘောဒီးယား စေလွှတ်မည်

**ဖနောင်ပင် စက်တင်ဘာ ၁၃**

ကမ္ဘောဒီးယားနိုင်ငံသည် လာမည့်နှစ် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ပြိုင်ပွဲအတွက် ရည်ရွယ်ကာ ကြိုတင်ပြင်ဆင်လေ့ကျင့်မှုအဖြစ် အားကစားသမား ၁၆၀ ပါ အဖွဲ့ကို တရုတ်နိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါစေလွှတ်သည့် အားကစားသမားပမာဏသည် ပြည်ပသို့ လေ့ကျင့်မှုပြုလုပ်ရန် စေလွှတ်သည့် အများဆုံးပမာဏဖြစ်ကြောင်း သိရသည်။




ကမ္ဘောဒီးယား အမျိုးသားအိုလံပစ်ကော်မတီမှ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဗက်သ်ချမ်ရှိအွန်က အဆိုပါ အားကစားသမားများသည် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်ရန်အတွက် ကမ္ဘောဒီးယားနိုင်ငံမှ စက်တင်ဘာ ၁၅ ရက်တွင် ထွက်ခွာမည်ဖြစ်ကြောင်း ပြောသည်။ ထို့အပြင် ၎င်းက ထိုကဲ့သို့ တရုတ်နိုင်ငံကို နိုင်ငံမှ အားကစားသမားများ လေ့ကျင့်မှုပြုလုပ်ရန် စေလွှတ်ခြင်းသည် ကမ္ဘောဒီးယားနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား သံမဏိချစ်ကြည်ရင်းနှီးမှုနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှု၏ နောက်ထပ်အသီးအပွင့်ဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းက ကမ္ဘောဒီးယားနိုင်ငံ၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အရေးပါသော အခန်းကဏ္ဍမှ အထောက်အပံ့ကောင်းများ ရရှိမည်ဖြစ်ကြောင်း ပြောသည်။

ထို့အပြင် ဗက်သ်ချမ်ရှိအွန်က အဆိုပါအားကစားသမားများသည် ရေကူး၊ ဘတ်စကက်ဘော၊ ဝူရှူး၊ အလေးမ၊ ဘော်လီဘော၊ အမျိုးသမီးဘောလုံး၊ ကြက်တောင်၊ နပန်း၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ်နှင့် ကျွမ်းဘားစသည့် အားကစားနည်းများအပါအဝင် အားကစားနည်း ၁၂ မျိုးကို လေ့ကျင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၃ ခုနှစ် မေလတွင် ပထမဆုံးအကြိမ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ၏ အသက်ကြီးဆုံးအမျိုးသား အသက် ၁၁၂ နှစ်အရွယ်တွင် ကွယ်လွန်

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံ၏ အသက်ကြီးဆုံးအမျိုးသားဖြစ်သော မိခိဇို အုအီဒါသည် အသက် ၁၁၂ နှစ်အရွယ်တွင် နာရာမြို့၌ မကြာသေးမီက သေဆုံးသွားခဲ့ကြောင်း ဒေသအစိုးရက စက်တင်ဘာ ၁၃ ရက်တွင် ပြောသည်။

နာရာမြို့တွင် နေထိုင်သော အဆိုပါ အမျိုးသားသည် ၁၉၁၀ ပြည့်နှစ် မေလတွင် မွေးဖွားခဲ့သူဖြစ်ကြောင်း သိရသည်။ ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံး အဆိုပါအမျိုးသား အုအီဒါသည် စက်တင်ဘာ ၉ ရက်က သေဆုံးသွားပြီးနောက် ကျန်းမာရေးဝန်ကြီးဌာနသည် ယခုသီတင်းပတ်တွင် နိုင်ငံအတွင်း လက်ရှိအသက်အကြီးဆုံး အမျိုးသားကို ထုတ်ပြန်ကြေညာသွားဖွယ်ရှိသည်။

ဆင်ဟွာ



## ဒုတိယကမ္ဘာစစ်ဗုံးသီးကြီးကို ဟန်ဂေရီ ဗုံးရှင်းလင်းအဖွဲ့ အသက်မဲ့အောင်ပြုလုပ်

**ဘူဒါပက် စက်တင်ဘာ ၁၃**

ဟန်ဂေရီစစ်တပ်ဗုံးရှင်းလင်းရေးအဖွဲ့က ဘူဒါပက်မြို့လယ်တွင် တွေ့ရှိခဲ့သော ၁၀၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ဒုတိယကမ္ဘာစစ်ဗုံးသီးကို စနက်တံဖြုတ်ခဲ့ကြောင်း ဟန်ဂေရီစစ်တပ်က စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားသည်။

ဗုံးရှင်းလင်းရေးအဖွဲ့သည် ပေါက်ကွဲစေတတ်သော ဗုံးသီးကြီးကို လုပ်ငန်းစဉ်များအတိုင်း စနစ်တကျဖျက်သိမ်းခဲ့ပြီး စစ်တပ်လှေနှင့် အဝေးသို့ သယ်ဆောင်သွားခဲ့ကြောင်း ဗုံးရှင်းလင်းရေးအဖွဲ့ ခေါင်းဆောင်က ဖေ့စ်ဘုတ်တွင် ပြောကြားလိုက်သည်။

လွန်ခဲ့သောသီတင်းပတ်က လက်ရွေးစင်ရေငုပ်သမားများသည် ဒန်ညူမြစ်အတွင်း အဲလိဇဘတ်တံတားနှင့် ချိန်းတံတားကြားရေငုပ်လေ့ကျင့်နေစဉ်အတွင်း အဆိုပါ ဆိုဗီယက်လုပ်ဗုံးသီးကြီးကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါဗုံးသီးကြီးကို စစ်သင်္ဘောအထူးကရိန်းကြီးဖြင့် ဆယ်တင်ခဲ့ကာ ဒေသရဲတပ်ဖွဲ့က အဆိုပါဗုံးသီးကို ဘေးကင်းစိတ်ချရပြီး လုပ်ဆောင်ပြီးဆုံးချိန် မီတာ ၄၀၀ ပတ်လည်အထိ ပိတ်ဆို့ခဲ့သည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့်ဖြစ်စဉ်များကြောင့် သေဆုံးသူ ၁၄၂၇ ဦးခန့်ရှိလာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံ၌ ယခုနှစ် မုတ်သုံမိုးရာသီ ဇွန်လလယ်နောက်ပိုင်း မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ စုစုပေါင်း ၁၄၂၇ ဦးခန့်ရှိလာပြီး ထိခိုက်ဒဏ်ရာရရှိသူ အရေအတွက်သည်လည်း ၁၂၇၄၂ ဦးအထိ ရှိလာပြီဖြစ်ကြောင်းအမျိုးသားဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင် (အင်န်ဒီအမ်အေ) က စက်တင်ဘာ ၁၂ ရက်တွင် ပြောသည်။



အင်န်ဒီအမ်အေ၏ ထုတ်ပြန်ချက်အရ ပါကစ္စတန်နိုင်ငံတွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် အဆိုပါ သေဆုံးသူများထဲတွင် ကလေးငယ် ၅၁၀ နှင့် အမျိုးသမီး ၂၈၇ ဦး ပါဝင်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် ထိခိုက်သေဆုံးမှု အဆိုးရွားဆုံးခံရသည့် ပြည်နယ်သည် နိုင်ငံတောင်ပိုင်းမှ ဆင်းဒ်ပြည်နယ်ဖြစ်ပြီး သေဆုံးသူ ၅၉၄ ဦး အထိရှိကြောင်း သိရသည်။ ထို့နောက်တွင် နိုင်ငံအနောက်မြောက်ပိုင်း ခီဘာပခ်ထွန်ခွာနှင့် အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်တို့သည် သေဆုံးသူ ၃၀၃ ဦးနှင့် ၂၇၀ ဖြင့် အများဆုံးဖြစ်သည်။

ထို့အပြင် အဆိုပါထုတ်ပြန်ချက်၌ ရေကြီး ရေလျှံမှုဖြစ်စဉ်ကြောင့် အိုးအိမ်စုစုပေါင်း ၁၇၅၀၈၂၈ လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် မွေးမြူရေးတိရစ္ဆာန် ၈၈၃၂၆၈ ကောင်လည်း ထိခိုက်သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။ ပါကစ္စတန်နိုင်ငံ၌ လက်ရှိအချိန်အထိ ရေကြီးရေလျှံမှုကြောင့် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံသူ စုစုပေါင်း ၅၄၁၀၄၀ ရှိပြီး ၁၇၉၂၈၁ ဦးခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၂၄ သန်းကျော်ပြီ

**ဆိုးလ် စက်တင်ဘာ ၁၃**

တောင်ကိုရီးယား နိုင်ငံသည် စက်တင်ဘာ ၁၂ ရက် သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၅၇၃၀၉ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၄၀၉၉၁၃၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေး အာဏာပိုင်များက စက်တင်ဘာ ၁၃ ရက်တွင် ပြောသည်။



တောင်ကိုရီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရမှုပမာဏသည် ယခင်ရက်က ကူးစက်မှုပမာဏထက် တိုးလာကြောင်း ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (ကေဒီစီအေ) က ပြောသည်။ အဆိုပါကူးစက်ခံရသူများအနက် ၂၇၂ ဦးသည် ပြည်ပပြန် ကူးစက်မှုဖြစ်သည့်အတွက် နိုင်ငံတစ်ဝန်း ပြည်ပပြန် ကူးစက်မှု အရေအတွက်သည် ၆၂၃၀၂ ဦး အထိ ရှိလာပြီဖြစ်သည်။

ထို့အပြင် တောင်ကိုရီးယား နိုင်ငံ၌ ရောဂါပြင်းထန်ပြီး စိုးရိမ်ရသည့်အခြေအနေတွင် ကူးစက်ခံရသူ ၅၄၇ ဦးရှိပြီး ယခင်ရက်ကထက် ခြောက်ဦး ကျဆင်းလာကြောင်း သိရသည်။ အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၅ ဦးရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၂၇၅၃၃ ဦးအထိ ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ၊ ရောဂါကြောင့်သေဆုံးသူတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေနှင့်ပတ်သက်၍ ကနဦးဆန်းစစ်တွေ့ရှိချက်အား အသိပေးခြင်း

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၇-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက် ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၂-၉-၂၀၂၂)

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၃

**ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။**

## မင်းဘူးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေး

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် အခြေခံပညာကျောင်းများ၌ အသက် ၁၂ နှစ်မှ ၁၅ အထိ ကျောင်းသား ကျောင်းသူ ၂၀၀၀၀ ခန့်အား ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက ဆေးထိုးစင်တာကိုးခုထား၍ တစ်ပြိုင်တည်း ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်ထံမှ သိရသည်။

အဆိုပါ ထပ်ဆောင်းကာကွယ်ဆေးကို အ.ထ.က (၁) မင်းဘူး၊ အ.ထ.က စကု၊ အ.ထ.က ကျောက်စံ၊ အ.ထ.က ဆင်ခေါင်း၊ အ.ထ.က မုန်တောင်၊ အ.ထ.က ရွာသာယာ၊ အ.ထ.က (ခွဲ) ဆည်တော်၊ အ.ထ.က (ခွဲ) လေးပင်၊ အ.လ.က ခံကုန်းကျောင်းများတွင် ဆေးထိုးစင်တာကိုးခုထား၍ ထိုးနှံပေး ခဲ့ကြသည်။

ထိုသို့ ထိုးနှံပေးရာတွင် မူ(လွန်)ကျောင်း ၁၈ ကျောင်း၊ အ.လ.က (ခွဲ) ၁၀ ကျောင်း၊ အ.လ.က ၂၆ ကျောင်း၊ အ.ထ.က (ခွဲ) ၂၅ ကျောင်း၊ အ.ထ.က ကိုးကျောင်းဖြစ်၍ ကျောင်းပေါင်း ၈၈ ကျောင်းမှ



ကျောင်းသား ကျောင်းသူ ၂၀၀၀၀ ခန့်ကို ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးလျက်ရှိပြီး ဆေးမထိုးမီ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သော ကျန်းမာရေးစစ်ဆေး မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**

## တောင်ဥက္ကလာပမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးပညာပေး

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်မိုး၏ ကြီးကြပ်မှုဖြင့် ယသဝတီဈေး အတွင်း စက်တင်ဘာ ၁၂ ရက်က ကိုဗစ်- ၁၉ ရောဂါပိုး စောင့်ကြပ်ထိန်းချုပ်နိုင်ရေးနှင့် ဒေသခံပြည်သူများ၊ ဈေးရောင်းချသူများ၊ ခရီးသွားပြည်သူများက နေအိမ်မှပြင်ပသို့ ထွက်ခွာသည့်အခါတိုင်း နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်တတ်သည့် အလေ့အထများကို သိရှိလိုက်နာ ကျင့်သုံးစေရေး ရည်ရွယ်၍ နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခဲ့သည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရောဂါကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ဈေးရောင်းချသူများအနေဖြင့် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်၍ ဈေးရောင်းချရန်၊ ဈေးဝယ်သူများကလည်း နှာခေါင်းစည်း တပ်ဆင်ပြီးမှ ဝယ်ယူကြစေရေး အသိပညာပေး ပြောကြားသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

## ကျိုက်ထိုမြို့၌ နှာခေါင်းစည်းများ အခမဲ့ဝေငှ

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ် ထိန်းချုပ်နိုင်ရန် မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ် ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ကျိုက်ထို



မြို့နယ်ရှိ ဈေးများ၊ လမ်းဆုံလမ်းခွနှင့် လူစည်ကားရာနေရာများ၊ စာသင်ကျောင်း ရှေ့များတွင် နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်ခြင်း အသိပညာပေး လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန် ထမ်းများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လူသွားလာများသည့်လမ်းဆုံလမ်းခွ၊ ဈေးများ၊ လူစည်ကားရာနေရာများ၊ စာသင်ကျောင်းများ၊ ခရီးသွားပြည်သူများနှင့် ဈေးရောင်း ဈေးဝယ်ပြည်သူများက ကိုဗစ်- ၁၉ ရောဂါကာကွယ်နိုင်ရန် အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေထိုင်ရေး၊ နေအိမ်ပြင်ပထွက်ပါက နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်သွားလာကြရေး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံရေး ထပ်ဆောင်းကာကွယ်ဆေးများကိုလည်း ဆက်လက်ထိုးနှံရေး အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများအခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ နှာခေါင်းစည်းတပ်ဆင်ရေးဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ ယခုရက်ပိုင်းအတွင်း ပြည်တွင်းကူးစက်မှုအဖြစ် အစုလိုက် ကူးစက်မှုပြန်လည်ဖြစ်ပွား လာနေကြောင်းကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကူးစက်မှုထိန်းချုပ်နိုင်ရေး ခရိုင်နှင့်မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ကြီးကြပ်မှုဖြင့် လမ်းထွက်သွားလာနေကြသူများအား နှာခေါင်းစည်းများ လိုက်လံဝေငှ တပ်ဆင်ပေးသည့် နှာခေါင်းစည်းကမ်ပိန်းလှုပ်ရှားမှုတစ်ရပ်ကို ကော့သောင်းမြို့ ပိတောက်ရွှေဝါ ရပ်ကွက် အဝိုင်းပတ်လမ်းဆုံ၌ စက်တင်ဘာ ၁၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။ ကော့သောင်းမြို့ အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး လုပ်ငန်းများကို ကဏ္ဍစုံမှ လှုပ်ရှားဆောင်ရွက်လျက်ရှိရာ မြို့နေပြည်သူများ လမ်းထွက်ပါက နှာခေါင်းစည်းများ တပ်ဆင်ကြရေး ကျယ်ကျယ်ပြန့်ပြန့် အသိပေးထားပြီးဖြစ်ပြီး ပြည်သူအများစု နှာခေါင်းစည်းတပ်ဆင်ကြသော်လည်း စည်းကမ်းမလိုက်နာသူ ပြည်သူတချို့ကြောင့် ရောဂါကူးစက်မှု ထိန်းချုပ်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက နှာခေါင်းစည်း ကမ်းပိန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်စိုး (ကော့သောင်း)**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၉၉ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၂ ဒသမ ၆၇ ရာခိုင်နှုန်းရှိ

### (၁၃–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၁၉၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၉၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၆၇) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၆၆,၇၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၇,၃၅၅) ဦးရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၂၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၄၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၃) ဦး ရှိပါသည်။ ယနေ့သေဆုံးသူမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

### ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွား/ သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါ ဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများ နှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်း တို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန




## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်နှင့် ရန်ကင်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၇၈ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၆) မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၃၁၇၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၁၄၆၃ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၄၄၀၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၈၆ ဦးတို့ကိုတပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ နှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။ ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၂၆) မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၆၀၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၄၅၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၅၉၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အခြေခံအကျဆုံးမှာ Mask များတပ်ဆင်အသုံးပြုခြင်းဖြစ်ရာ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ မြို့နယ်(၁၉) မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၁) မြို့နယ်တို့ရှိ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ Mask တပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာကြည့် ကြည့်ကြရအောင်

ဘကြီးကောင်း

မောင်မြင့်အေးရေ ...

အခုနောက်ပိုင်း ကမ္ဘာ့သတင်းစာမျက်နှာထက်မှာ အာဖဂန်နစ္စတန်၊ အီရတ်၊ ဆီးရီးယား၊ လစ်ဗျား သတင်းတွေတက်လာရင် အလွတ်မပေးဘဲ ဖတ်ဖြစ်အောင်ဖတ်နေမိတယ်။ အပြောင်းအလဲကို မျှော်လင့်ခဲ့ကြတဲ့ အဲဒီနိုင်ငံတွေကပြည်သူတွေ နှစ်ပေါင်း ၂၀ အတွင်းမှာ မူလအခြေအနေထက် သာလွန်ကောင်းမွန်တဲ့ လူမှုစီးပွားဘဝကို တကယ်တမ်း ရသွားကြရဲ့လား။

လက်တွေ့ဘဝမှာတော့ ဖွတ်မရ ခားမဆုံး ဆိုသလို ဆယ်စုနှစ်နှစ်ခုစလုံး ဒုက္ခပင်လယ်ဝေခဲ့ကြတာပဲ အဖတ်တင်တယ်။ အခုလက်ရှိအချိန်အထိလည်း နဂိုမူလရှိရင်းစွဲ လူမှုစီးပွားဘဝအခြေအနေမျိုးကို ပြန်ရောက်ဖို့မပြောနဲ့ တည်ငြိမ်အေးချမ်းမှုရအောင်ပဲ မနည်းရုန်းကန်နေကြရဆဲပဲ။ အာဖဂန်ဆိုရင် နှစ်ပေါင်း ၂၀ သာကြာသွားတယ်၊ ကရွတ်ကင်းလျှောက်သလို ဒုံရင်းအတိုင်းပြန်ရောက်သွားတယ်။

### ဒီမိုကရေစီအစိုးရတစ်ရပ် ထူထောင်

၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုအပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာလမှာ အမေရိကန်သမ္မတ ဘုရှ်က အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲလို့ ကြေညာပြီး အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ Operation Enduring Freedom လို့ အမည်ပေးထားတဲ့ အာဖဂန်စစ်ဆင်ရေးစီမံချက်ရဲ့ ရည်မှန်းချက်ကတော့ တာလီဘန်တွေကိုဖယ်ရှားဖို့၊ အာဖဂန်မှာ အယ်လ်ကေဒါအခြေခံစခန်းမရှိအောင် ဆောင်ရွက်ဖို့နဲ့ အာဖဂန်မှာ ဒီမိုကရေစီအစိုးရ တစ်ရပ်ထူထောင်ဖို့ပဲ ဖြစ်ပါတယ်။

ရည်မှန်းချက်အတိုင်း အမေရိကန်ဟာ တာလီဘန်တွေကို အချိန်တိုအတွင်း ကဘူးလ်၊ ကန်ဒါဟာ၊ မာဇာအီရှာရစ်ဖ် စတဲ့မြို့ကြီးတွေကနေ မောင်းထုတ်နိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လမှာကျင်းပတဲ့ ဒုတိယအကြိမ် အာဖဂန်လူမျိုးစုခေါင်းဆောင်များ ညီလာခံကနေ ဟာမစ်ကာဇိုင်းဦးဆောင်တဲ့ အသွင်ကူးပြောင်းရေးအစိုးရအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ခဲ့တယ်။ ၂၀၀၄ ခုနှစ် တတိယအကြိမ်ညီလာခံမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြီး ရွေးကောက်ပွဲကျင်းပတဲ့အခါ ကာဇိုင်းဟာ ရွေးကောက်ခံသမ္မတတစ်ဦး ဖြစ်လာခဲ့ပါတယ်။

### အယုံအကြည် ကင်းမဲ့လာ

သမ္မတဘုရှ်က "ခြောက်လအတွင်းမှာ တာလီဘန်တွေဖြုတ်ချပြီး အာဖဂန်ပြည်သူ ၂၆ သန်းကျော်ကို ဆိုးရွားလှတဲ့ဖိနှိပ်မှုအောက်က လွတ်မြောက်စေခဲ့တယ်၊ အယ်လ်ကေဒါ လေ့ကျင့်ရေးစခန်းအားလုံး ဖျက်ဆီးနိုင်ခဲ့တယ်။ အာဖဂန်မှာ ဒီမိုကရေစီ ထွန်းကားဖို့အတွက် အုတ်မြစ်ချပေးနိုင်ခဲ့တယ်လို့" ဆိုခဲ့ပေမယ့် နောက်ပိုင်းမှာတော့ ကာဇိုင်းအစိုးရအဖွဲ့ရဲ့ အကျင့်ပျက်ခြစားမှုတွေ၊ အဂတိလိုက်စားမှုတွေအပေါ် အာဖဂန်ပြည်သူတွေဟာ အယုံအကြည်ကင်းမဲ့လာပြီး တာလီဘန်တွေကို ပြန်အားကိုးလာကြတယ်။



အမေရိကန်နိုင်ငံ၌ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှု မြင်ကွင်းကို တွေ့ရစဉ်။

၂၀၀၅၊ ၂၀၀၆ ခုနှစ်မှာ တာလီဘန်တွေတစ်ကျော့ပြန် ခေါင်းထောင်လာပြီး တိုက်ခိုက်မှုတွေ ပိုပြင်းထန်လာတယ်။ ပြည်သူတွေဟာ ကြားထဲကမြေဇာပင် ပိုဖြစ်ခဲ့ရတယ်။ စီအိုင်အေရဲ့အစီရင်ခံစာတစ်ခုမှာ ဆိုရင် အာဖဂန်တွေက တိုင်းပြည်ကို ဘယ်သူအုပ်ချုပ်တယ်ဆိုတာ အရေးမကြီးဘူး၊ လုံလုံခြုံခြုံနေနိုင်အောင်လုပ်ပေးဖို့ပဲ အရေးကြီးတယ်လို့ ပြောနေကြပြီဆိုပြီး ဖော်ပြခဲ့တယ်။

### ကိုယ်လွတ်ရုန်းဖို့ ခြေလှမ်းပြင်လာ

တာလီဘန်တွေကို နှိမ်နင်းဖို့နဲ့ အာဖဂန်နစ္စတန်နိုင်ငံပြန်လည်ထူထောင်ဖို့အတွက် အမေရိကန်အစိုးရက ဒေါ်လာဘီလီယံပေါင်းများစွာ ပုံအောသုံးခဲ့ပြီး အမေရိကန်တပ်ဖွဲ့ဝင် အင်အားဟာလည်း ၂၀၁၁ ခုနှစ်မှာ တစ်သိန်းတစ်သောင်းအထိရှိလာခဲ့တယ်။ နောက်ပိုင်းမှာတော့ အမေရိကန်စစ်တပ်က ထိုးစစ်တိုက်ခိုက်မှုတွေအစား အာဖဂန်တပ်ဖွဲ့ဝင်တွေကို သင်တန်းပေးပြီး တပ်အင်အားကိုပြန်လျှော့ချလာတယ်။ သမ္မတ ထရမ့်လက်ထက်မှာတော့ တာလီဘန်တွေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပြီး ကိုယ်လွတ်ရုန်းဖို့ ခြေလှမ်းပြင်လာခဲ့တယ်။

ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ် ဩဂုတ်လမှာတော့ အာဖဂန်ကနေ အမေရိကန်တွေအပြီး ဆုတ်ခွာသွားခဲ့တယ်။ နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က အာဖဂန်က အမေရိကန်တွေဆုတ်ခွာတာ ဗီယက်နမ်လို မဟုတ်ပါဘူး၊ စနစ်တကျဆုတ်ခွာတာပါလို့ အရှက်ပြေ ဘယ်လိုပဲပြောပြော ကဘူးလ်မြို့တော်ကို ဝိုင်းထားတဲ့ တာလီဘန်တွေရန်ကြောင့် အမေရိကန်သံရုံးဝန်ထမ်းတွေဟာ လျှို့ဝှက်စာရွက်စာတမ်းတွေကို မီးရှို့ပြီး ဗီယက်နမ်တုန်းကလိုပဲ ရဟတ်ယာဉ်နဲ့ ကသုတ်ကရက် ထွက်ပြေးခဲ့ကြရတယ်။ နိုင်ငံကထွက်ပြေးချင်တဲ့ အာဖဂန်အရပ်သားတွေကတော့ လေဆိပ်မှာရပ်ထားတဲ့ အမေရိကန်စစ်လေယာဉ်တွေပေါ်ကို အလုအယက်စုပြုံတွယ်တက်နေကြတဲ့ မြင်ကွင်းဟာလည်း ဗီယက်နမ်က ဆိုင်ဂုံမြို့ ကျဆုံးခန်းမြင်ကွင်းနဲ့ ထပ်တူပါပဲ။

### လက်နက်ချထွက်ပြေး

အာဖဂန်သမ္မတ အာရှရက်ဖ်ဂါနီကတော့ ဩဂုတ်လ ၁၅ ရက်နေ့ကတည်းက အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံကို ထွက်ပြေးသွားပါပြီ။ ကဘူးလ်မှာ သွေးချောင်းစီးတာ မဖြစ်စေချင်လို့ ခက်ခဲတဲ့ ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ရတာလို့ ဆိုပါတယ်။ တစ်နိုင်ငံလုံးကို တာလီဘန်တွေ မြန်မြန်ဆန်ဆန် သိမ်းပိုက်နိုင်ခဲ့တာနဲ့ပတ်သက်ပြီး အများဆုံး အပြစ်တင်ခံရတာကတော့ အမေရိကန်က နှစ်စဉ်ဒေါ်လာဘီလီယံနဲ့ချီ ထောက်ပံ့ထားပြီး ကြည်းတပ်ရော၊ လေတပ်ပါအင်အားတောင့်တင်းစွာ လက်နက်တပ်ဆင်ထားတဲ့ကြားက လက်နက်ချထွက်ပြေးခဲ့ကြတဲ့ အင်အားသုံးသိန်းကျော်ရှိတဲ့ အာဖဂန်အစိုးရတပ်မတော်ပဲ ဖြစ်ပါတယ်။

အာဖဂန်မှာ တာလီဘန်တွေကို ဖယ်ရှားဖို့၊ ဒီမိုကရေစီအစိုးရတစ်ရပ် ထူထောင်ဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ နှစ်ပေါင်း ၂၀ အကြာ ငွေအား၊ လူအားအရင်းအမြစ်များစွာအသုံးပြုခဲ့တဲ့ အမေရိကန်ရဲ့ပေါ်လစီမူဝါဒဟာ အဆုံးတစ်နေ့မှာတော့ ကရွတ်ကင်းလျှောက်သလို မောင်ပိုနေမြဲ ကျားနေမြဲအတိုင်း သမိုင်းတစ်ပတ်လည်သွားခဲ့တာပဲ အဖတ်တင်ခဲ့ပါတယ်။

အာဖဂန်စစ်ပွဲအစမှာ နယူးယောက်တိုင်းမ်သတင်းစာက အာဖဂန်စစ်ပွဲဟာ ဗီယက်နမ်စစ်ပွဲလိုဖြစ်လာတော့မလားဆိုပြီး မေးခွန်းထုတ်ရေးသားခဲ့စဉ်က သမ္မတဘုရှ်က "ကျွန်တော်တို့အရွယ်မျိုးဆက်တွေက အရာရာကို ဝါးတားဂိတ်တို့၊ ဗီယက်နမ်စစ်ပွဲတို့နဲ့ယှဉ်ပြီး သုံးသပ်တတ်ကြတယ်။ ဒါပေမယ့် သူတို့အမြင်တွေကို ကျွန်တော်အလေးမထားပါဘူး"လို့ ပြောခဲ့ပေမယ့် လက်ရှိသမ္မတ ဘိုင်ဒင်ကတော့ "အာဖဂန်ကို အမေရိကန်က တစ်သက်လုံးကာကွယ်ပြီး အဆုံးမဲ့စစ်ပွဲကို တိုက်မနေနိုင်ဘူး၊ နောင် ငါးနှစ် ဆယ်နှစ်ဆက်နေမယ်ဆိုရင်တောင် ဘယ်အမေရိကန်တွေကမှ သဘောတူမှာမဟုတ်ဘူး"လို့ သူ့ရဲ့ ဆုတ်မိန့်ပေးခဲ့တဲ့ ဆုံးဖြတ်ချက်ကို ကာကွယ်ပြောဆိုသွားပါတယ်။

### အမေရိကန်တပ်တွေ ရုပ်သိမ်း

ဒါကလည်း အဆန်းမဟုတ်ပါဘူး။ ဗီယက်နမ်စစ်ပွဲရဲ့ အဆုံးတစ်နေ့မှာလည်း နစ်ဆင်အစိုးရဟာ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တွေ ကိုယ်ထိလက်ရောက် ဝင်ရောက်တိုက်ခိုက်နေခြင်းကို တဖြည်းဖြည်းရုပ်သိမ်းသွားမယ်၊ ရုပ်သိမ်းနေစဉ် တစ်ချိန်တည်းမှာပဲ တောင်ဗီယက်နမ်စစ်အင်အားကို ဖြည့်တင်းလေ့ကျင့်ပေးသွားမယ်၊ ဗီယက်နမ်က အမေရိကန်တပ်တွေ လုံးဝရုပ်သိမ်းသွားပြီးနောက်မှာတော့ ဗီယက်နမ်အချင်းချင်း ဆက်ရှင်းကြပေရော့ ဆိုတဲ့ ဗီယက်နမ်မိုက်ဖေးရှင်းခေါ် ဗီယက်နမ်ပြဿနာကို ဗီယက်နမ် အချင်းချင်း ဖြေရှင်းရေးဆိုတဲ့ ပေါ်လစီနဲ့ လက်ရှောင်ထွက်သွားခဲ့တာပါပဲ။ ၁၉၈၃ ခုနှစ်မှာ ဟစ်ဇ်ဘူလာ အကြမ်းဖက်သမားတွေက အမေရိကန်ကမ်းတက်တပ်ဖွဲ့ရဲ့စခန်းကို ဗုံးခွဲတိုက်ခိုက်တုန်းကလည်း သမ္မတရီဂင်ဟာ လက်ဘနွန်က အမေရိကန်တပ်တွေကို ရုပ်သိမ်းသွားခဲ့တယ်၊ ၁၉၉၃ ခုနှစ်မှာ ဆိုမာလီစစ်ဘုရင်တွေက အမေရိကန်ရဟတ်ယာဉ်ကို ပစ်ချလိုက်တော့ သမ္မတကလင်တန်ဟာ ဆိုမာလီယာက အမေရိကန်တပ်တွေကို ရုပ်သိမ်းသွားခဲ့တာပါပဲ။

ကြားထဲက ငထွားခါးနာသလို နာရတာကတော့ ဒေသခံပြည်သူတွေပဲဖြစ်ပါတယ်။ အာဖဂန်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးမှုဟာ ထောင်ဂဏန်းမျှသာရှိပေမယ့် အာဖဂန်စစ်တပ်နဲ့ ရဲတပ်ဖွဲ့ဝင်တို့ရဲ့ သေဆုံးမှုက သောင်းဂဏန်း၊ အရပ်သားပြည်သူတွေရဲ့ သေဆုံးမှုကတော့ သန်းနဲ့ချီတဲ့အထိရှိခဲ့ပါတယ်။

### အီရတ်စစ်ပွဲကာလမှာ အမေရိကန်တပ်ဖွဲ့ဝင်တွေ သေဆုံး

အီရတ်လွတ်မြောက်ရေးစစ်ဆင်ရေးလို့ အမည်ပေးပြီး အမေရိကန်က အီရတ်ကို အကြောင်းမယ်မယ် ရရမရှိဘဲ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ အီရတ်စစ်ပွဲကာလမှာလည်း အမေရိကန်တပ်ဖွဲ့ဝင်တွေ သေဆုံးမှုက ထောင်ဂဏန်းမျှပဲရှိပေမယ့် အီရတ်နိုင်ငံသား အရပ်သားသေဆုံးမှုက ၂၀၀၃ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း နှစ်သိန်းကျော်ရှိခဲ့ပြီး ဒုက္ခသည်တွေ၊ အမိမြေကနေ နေရပ် စွန့်ခွာထွက်ပြေးသူ လူဦးရေ စုစုပေါင်းကတော့ ကိုးသန်းကျော်ရှိခဲ့တယ်လို့ ဆင်ဟွာသတင်းဌာနက ဆိုပါတယ်။

စာမျက်နှာ ၁၇ သို့

❒ ၉/၁၁ အကြမ်းဖက်တိုက်ခိုက်မှုအပြီး ၂၀၀၁ ခုနှစ် အောက်တိုဘာလမှာ အမေရိကန်သမ္မတ ဘုရှ်က အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲလို့ ကြေညာပြီး အာဖဂန်နစ္စတန်ကို ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ Operation Enduring Freedom လို့ အမည်ပေးထားတဲ့ အာဖဂန်စစ်ဆင်ရေးစီမံချက်ရဲ့ ရည်မှန်းချက်ကတော့ တာလီဘန်တွေကိုဖယ်ရှားဖို့၊ အာဖဂန်မှာ အယ်လ်ကေဒါအခြေခံစခန်းမရှိအောင် ဆောင်ရွက်ဖို့နဲ့ အာဖဂန်မှာ ဒီမိုကရေစီအစိုးရ တစ်ရပ်ထူထောင်ဖို့ပဲ ဖြစ်ပါတယ်

❒ ၂၀၀၅၊ ၂၀၀၆ ခုနှစ်မှာ တာလီဘန်တွေ တစ်ကျော့ပြန်ခေါင်းထောင်လာပြီး တိုက်ခိုက်မှုတွေ ပိုပြင်းထန်လာတယ်။ ပြည်သူတွေဟာ ကြားထဲကမြေဇာပင် ပိုဖြစ်ခဲ့ရတယ်

# နေရပ်စွန့်ခွာသူများနှင့် ယာယီတိုက်ပွဲရှောင်များအတွက် အကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆွေးနွေး

စစ်တွေ စက်တင်ဘာ ၁၃

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၁ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဧည့်ခန်းမ၌ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာဗျူရိုညွှန်ကြားရေးမှူး Mr.Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံကြသည်။**



တွေ့ဆုံစဉ် နေရပ်စွန့်ခွာသူများနှင့် ယာယီတိုက်ပွဲရှောင်များအတွက် အကူအညီထောက်ပံ့ပေးရေး၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စများ၊ လူထုအခြေပြုကူညီထောက်ပံ့ပေးရေး၊ နေရပ်စွန့်ခွာသူများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး၊ ကူညီထောက်ပံ့ရေးလုပ်ငန်း ပြည်သူလူထုများသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိနိုင်ရေး၊ သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများတွင် ကူညီထောက်ပံ့နိုင်ရေး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဘင်္ဂါလီများအား ကျန်းမာရေး၊ ပညာရေးနှင့်ပတ်သက်၍ ခရီးသွားလာခွင့်များအား ဆောင်ရွက်ပေးနေမှုနှင့် ယာယီတိုက်ပွဲရှောင်များနှင့် နေရပ်စွန့်ခွာသူများ ရေရှည်ရပ်တည်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးနိုင်ရေး စသည့်အကူအညီအထောက်အပံ့ ပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အာရှ-ပစိဖိတ် ဒေသဆိုင်ရာဗျူရိုညွှန်ကြားရေးမှူး Mr.Indrika Ratwatte၊ ဒုတိယညွှန်ကြားရေးမှူး Ms. Ellen Hansen နှင့် တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်ထွန်း**

**(ပြန်/ဆက်)**

# ပင်လယ်ကမ်းရိုးတန်းနှင့် တန်ဖိုးရှိသော သယံဇာတများကို မပျက်စီးအောင်ထိန်းသိမ်းပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ထားဝယ် စက်တင်ဘာ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ (တတိယအကြိမ်) အစည်းအဝေးကို စက်တင်ဘာ ၁၂ ရက်က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတအုပ်ချုပ်လုပ်ကိုင်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီ၏ တတိယအကြိမ်အစည်းအဝေးတွင် ဗဟိုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်နှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ဗဟိုအဆင့်ဆောင်ရွက်သည့်အခါတွင် လုပ်ငန်းများကို စုပေါင်း၍ တင်ပြနိုင်ရန်အတွက် အစည်းအဝေး ခေါ်ယူရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးသည် ပင်လယ်နှင့်ဆက်စပ်တည်ရှိသည့်အတွက် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီအနေဖြင့် အလုပ်အကိုင်ပိုမိုတိုးတက်လာကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် သယံဇာတနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသော ပင်လယ်ကမ်းရိုးတန်းနှင့် တန်ဖိုးရှိလာသော သယံဇာတများကို မပျက်စီးအောင်ထိန်းသိမ်းပြီး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ပင်လယ်ကမ်းရိုးတန်းနှင့်ပတ်သက်ပြီး ငါး၊ ပုစွန် စသည်များ၏ မွေးဖွားမှုနှုန်းကို ထိန်းသိမ်းနိုင်ရန်ကလည်း အားနည်းလာသည်ကို တွေ့ရှိရကြောင်း၊ ယခုအစည်းအဝေးတွင် ဗဟိုကော်မတီက ချမှတ်ထားသောလုပ်ငန်းများနှင့် ပတ်သက်ပြီး ဆောင်ရွက်ပြီးစီးမှုများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၏ အခြေအနေများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ဗဟိုလုပ်ငန်းကော်မတီ (ဒုတိယအကြိမ်) အစည်းအဝေးတက်ရောက်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးခဲ့ကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

၂၀၁၀ ပြည့်နှစ်ကနေ ၂၀၁၁ နှစ်ဆန်းက ပေါ်ပေါက်ခဲ့တဲ့အာရပ်နွေဦးတော်လှန်ရေးရဲ့ နောက်ဆက်တွဲ ဆီးရီးယားပြည်တွင်းစစ်နဲ့ လစ်ဗျားပြည်တွင်းစစ်တွေမှာလည်း အရပ်သားသေဆုံးမှုနှုန်းက ကြောက်ခမန်းလိလိပါ။ ဆီးရီးယားပြည်တွင်းစစ်မှာဆိုရင် အရပ်သားသေဆုံးမှုနှုန်းက အနည်းဆုံးသုံးသိန်းခွဲခန့်ရှိတယ်လို့ ကုလသမဂ္ဂကဆိုတယ်။ အချို့ကိန်းဂဏန်းတွေအရကတော့ အရပ်သားငါးသိန်းနီးပါးခန့် သေဆုံးခဲ့ပြီး တစ်သန်းကျော်ဒဏ်ရာရတယ်။ လူဦးရေ ၅ ဒသမ ၆ သန်းကျော်က စစ်ဘေးဒုက္ခသည်တွေဖြစ်ပြီး နေရပ်စွန့်ခွာထွက်ပြေးခဲ့ကြရတယ်လို့ဆိုတယ်။

**လေကြောင်း၊ ရေကြောင်း ပိတ်ဆို့တိုက်ခိုက်**

တကယ်တမ်းပြောရရင် အာရပ်နွေဦးတော်လှန်ရေးကာလမှာ အမေရိကန်ဟာ သူ့ရဲ့နှစ်ရှည်လများ မဟာမိတ် အာရပ်နိုင်ငံတွေကို တစ်မျိုး၊ မဟာရန်ဘက်အာရပ်နိုင်ငံတွေကို တစ်မျိုး မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဆက်ဆံဆောင်ရွက်သွားခဲ့တယ်လို့ ဆိုရမယ်။ သူ့ရဲ့မဟာရန်ဘက်လစ်ဗျားက ကဒါဖီအစိုးရပြုတ်ကျသွားအောင် ကနဦးမှာ ပြိုင်ဘက်အုပ်စုတွေကို လက်နက်တွေ ထောက်ပံ့ပေးခဲ့တယ်။ နောက်ပိုင်းမှာ အရပ်သားတွေကို အကာအကွယ်ပေးဖို့ဆိုတဲ့အကြောင်းပြချက်နဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်ယူပြီး လစ်ဗျားနိုင်ငံတွင်း လေယာဉ် မပျံသန်းရဇုန်(No-Fly Zone) တစ်ခု သတ်မှတ်၊ ပြီးမှ ဗြိတိန်၊ ပြင်သစ်စတဲ့ နေတိုးအဖွဲ့ဝင်နိုင်ငံတွေနဲ့အတူ လေကြောင်း၊ ရေကြောင်းကနေ ပိတ်ဆို့တိုက်ခိုက်ခဲ့ကြတယ်။

**ပြည်သူတွေ ဒုက္ခပင်လယ်ဝေ**

ဆီးရီးယားအရေးမှာလည်း ဘရှားအာဆတ်အစိုးရပြုတ်ကျအောင် ပြိုင်ဘက်အုပ်စုတွေကို အထောက်အပံ့ အကူအညီတွေပေးပြီး ပြည်တွင်းစစ်မီးကိုမွှေးပေးခဲ့ပေမယ့်ပြိုင်ဘက်အုပ်စုတွေထဲမှာ ဘာသာရေးအစွန်းရောက်အဖွဲ့တွေ၊ IS အကြမ်းဖက်အဖွဲ့တွေ ပါဝင်ပတ်သက်လာတာကတစ်ကြောင်း၊ ရုရှားက အာဆတ်အစိုးရဘက်ကို ကျားကန်ကူညီလာမှုကြောင့်တစ်ကြောင်း နောက်ပိုင်းမှာ ကိုယ်ရှိန်ပြန်သတ်သွားတယ်။ ၂၀၁၈ ခုနှစ် နောက်ပိုင်းမှာတော့ အာဆတ်အစိုးရက နိုင်ငံရဲ့မြို့ကြီးအတော်များများကို ပြန်ထိန်းချုပ်လာနိုင်ပေမယ့် ပြည်တွင်းစစ်ဒဏ်ကြောင့် နိုင်ငံဟာကြေမွသွားပြီး ပြည်သူတွေလည်း ဒုက္ခပင်လယ်ဝေခဲ့ကြရတယ်။ တစ်ချိန်က အာဖရိကတိုက်ရဲ့ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံများထဲမှာ တစ်နိုင်ငံဖြစ်ခဲ့တဲ့ လစ်ဗျားနိုင်ငံဟာလည်း ကဒါဖီအလွန် ဆယ်စုနှစ်တစ်ခုအကြာ ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ဒဏ်ကြောင့် ယနေ့အချိန်မှာ အာဖရိကရဲ့ အဆင်းရဲဆုံး သုံးနိုင်ငံထဲမှာ တစ်နိုင်ငံဖြစ်သွားခဲ့ရတယ်။

အာရပ်နွေဦးတော်လှန်ရေးနဲ့အတူ တစ်ချိန်တည်း တစ်ပြိုင်တည်းပေါ်ပေါက်ခဲ့တဲ့ ပင်လယ်ကွေ့နိုင်ငံတွေထဲက မဟာမိတ်တစ်နိုင်ငံဖြစ်တဲ့ ဘာရိန်းနိုင်ငံရဲ့ လူထုအုံကြွမှုမှာတော့ အမေရိကန်က အကြမ်းဖက်မှုတွေမလုပ်ဖို့ မျှော်လင့်ကြောင်း၊ အခြေအနေတွေ တဖြည်းဖြည်းဆိုးရွားလာမှာ စိုးရိမ်ကြောင်းသာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် ဘာရိန်းအာဏာပိုင်တွေက ပြည်သူလူထုရဲ့အုံကြွမှုကို ဒီမိုကရေစီတောင်းဆိုမှုအဖြစ်မမြင်ဘဲ အီရန်ရဲ့ကြိုးကိုင်မှုလို့ဆိုပြီး ထောင်နဲ့ချီတဲ့ ဆော်ဒီတပ်ဖွဲ့ဝင်တွေ၊ ရာနဲ့ချီတဲ့ ယူအေအီးက ရဲတပ်ဖွဲ့ဝင်တွေကို သံချပ်ကာကားတွေနဲ့အတူ ဘာရိန်းနိုင်ငံထဲ ဖြတ်ကျော်ဝင်ရောက်စေပြီး နှိမ်နင်းခဲ့မှုအပေါ်မှာတော့ အမေရိကန်က သူတို့ကိုအကြောင်း မကြားလို့ မသိဘူးဆိုပြီး မသိချင်ယောင်ဆောင် နေခဲ့ပါတယ်။

**အမေရိကန် - မြန်မာ ဆက်ဆံရေး**

**အနည်းငယ် ပြန်လည်အေးစက်သွား**

မြန်မာ - အမေရိကန် ဆက်ဆံရေးမှာလည်း ၁၉၈၈ ခုနှစ် နောက်ပိုင်းကစလို့ ယခုတိုင် ဒီမိုကရေစီနဲ့လူ့အခွင့်အရေးဆိုပြီး မြန်မာအပေါ် ဖိအားပေးမှုမျိုးစုံ၊ ပိတ်ဆို့မှုမျိုးစုံနဲ့ပဲ ဆက်ဆံလာခဲ့တာပါပဲ။ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်း ဒီမိုကရေစီအစိုးရပထမသက်တမ်းကာလမှာတော့ သမ္မတအိုဘားမားအစိုးရဟာ အာရပ်နွေဦးရဲ့ ရိုက်ခတ်မှုတွေကြားထဲမှာ မြန်မာပြည်ရဲ့ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ဟာ ကမ္ဘာကြီးအတွက် မျှော်လင့်ချက်တစ်ခု ဖြစ်တယ်၊ တစ်ဖက်ကလည်း မြန်မာပြည်ကို စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုတွေဟာ အိမ်နီးချင်းတရုတ်နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေးလွှမ်းမိုးဖို့ရာ အခွင့်အရေးတွေမမျှော်လင့်ဘဲ ဖန်တီးပေးသလိုဖြစ်လာမယ်ဆိုတဲ့ အတွေးအခေါ် အယူအဆအရ ပိတ်ဆို့မှုတွေကို စတင်ဖြေလျှော့မှုတွေ၊ ထိတွေ့ဆက်ဆံမှုတွေ ရှိလာခဲ့တယ်။ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလမှာတော့ မြန်မာပြည်ရဲ့အနောက်တံခါးက ဘင်္ဂါလီအရေးကိစ္စကြောင့် အမေရိကန်-မြန်မာဆက်ဆံရေးဟာ အနည်းငယ်ပြန်လည်အေးစက်သွားခဲ့ပြန်တယ်။ အကယ်၍များ ဒီမိုကရေစီအစိုးရ ဒုတိယသက်တမ်းကာလမှာ အမေရိကန်ဟာ မြန်မာပြည်ရဲ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဒုတိယကမ္ဘာစစ်အပြီးက မာရှယ်စီမံကိန်းလို အရှိန်အဟုန်ပြင်းပြင်း၊ အင်နဲ့အားနဲ့ပံ့ပိုးကူညီနိုင်ခဲ့မယ်ဆိုရင် မြန်မာ့ဒီမိုကရေစီအရေးဟာ အခုဆို အတော်ကို ခရီးပေါက်လာမှာပဲလို့ ထင်မြင်ယူဆမိတယ်။

မောင်မြင့်အေးရေ ...

လက်ရှိမှာလည်း ယူကရိန်းအရေး၊ ထိုင်ဝမ်အရေးကိစ္စတွေနဲ့ ကမ္ဘာကြီးဟာ မငြိမ်းချမ်းသေးပါဘူး။ ဒီလိုအချိန်ကာလမှာ အမေရိကန်နဲ့အနောက်နိုင်ငံအချို့ရဲ့ ကိုယ်ကျိုးစီးပွားအရ မီးစတစ်ဖက် ရေမှုတ်တစ်ဖက်၊ လိုရင်လိုသလို မလိုရင်မလိုသလို ဆက်ဆံမှုတွေ၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအကြောင်းပြချက်နဲ့ ဝင်ရောက်စွက်ဖက်ခဲ့ကြပြီး အဆုံးတစ်နေ့မှာ ကိုယ့်ဇာတ်ကိုယ်မနိုင်၊ ဆရာမနိုင်နှစ်ဆောင်ပြိုင် ဖြစ်လာတော့မှ ဖုတ်ဖက်ခါထလက်ရှောင်ထွက်သွား တတ်ကြတဲ့လုပ်ရပ်တွေကတို့လို နိုင်ငံငယ်လေးတွေအဖို့ နိုင်ငံရေးသင်ခန်းစာယူဖို့ကောင်းတာပေါ့နော်။

ဒီလိုမြင်တတ် ယူတတ်အောင်လည်း ကမ္ဘာကြည့် ကြည့်ကြဖို့ လိုတာပေါ့။ ။

# ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန်  စက်တင်ဘာ  ၁၃**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်လူငယ် တစ်ဦးချင်း၊ လူငယ်အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်း၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်း၊ အမျိုးသား အသင်းလိုက်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသောကြသော အားကစားသမားများအား တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသည့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ငွေး၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ဥပဒေ




ချုပ် ဦးငွေးအောင်၊အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်တို့က တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင့်က အပြည်ပြည်ဆိုင်ရာ စစ်တုရင် လူငယ်အသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရရှိသော မွန်ပြည်နယ်အသင်းအား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အပြည်ပြည်ဆိုင်ရာ စစ်တုရင် အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်း ရရှိသော မန္တလေးတိုင်းဒေသကြီးအသင်း၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် အမျိုးသားအသင်းလိုက် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက် ဒိုင်းဆုရရှိသွားသော မန္တလေးတိုင်းဒေသကြီးအသင်းတို့အား တံခွန်စိုက်ဒိုင်းဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၅ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသားပြိုင်ပွဲဝင် ၁၄ သင်း၊ အမျိုးသမီး ပြိုင်ပွဲဝင် ၁၃သင်းမှ စုစုပေါင်းအားကစားသမား ၁၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ တောင်ကြီးတပ်နယ် (နယ်မြေ ၁)အသင်း တံခွန်စိုက်ဒိုင်းဆုရရှိ

**နေပြည်တော်  စက်တင်ဘာ  ၁၃**

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ပြီး တံခွန်စိုက်ဒိုင်းဆုအား တောင်ကြီးတပ်နယ် (နယ်မြေ ၁ )အသင်းက ရရှိသွားကြောင်း သိရသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲသို့ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲနှင့် သုံးယောက်တွဲအဖွဲ့ လိုက်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ နှစ်ယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲ ဆင့်ပွားဖလားနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော တောင်ကြီးတပ်နယ် (နယ်မြေ ၁) အသင်းတို့အား တိုင်းမှူး (ကိုယ်စား) ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ရက်သတ္တပတ်တွင် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး နှစ်ပွဲယှဉ်ပြိုင်ကစားရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာနှင့် ဟောင်ကောင်အသင်းသည် ယခုနှစ်အတွင်း ဒုတိယအကြိမ် ခြေစမ်းခြင်းဖြစ်ပြီး ပထမအကြိမ်အဖြစ် မေ ၂၄ ရက်က ထိုင်းနိုင်ငံ၌ Training Match ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေကျခဲ့သည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းသည် ၂၀၁၅ ခုနှစ်တွင် ဟောင်ကောင်၌ ခြေစမ်းပွဲကစားပြီးနောက် ယခုနှစ်မှ ဟောင်ကောင်၌ ထပ်မံခြေစမ်းခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲ ကစားထားပြီး မေလတွင် ဟောင်ကောင် လက်ရွေးစင်၊ ဘာရိန်း လက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားထားခြင်း ဖြစ်သည်။ မြန်မာအသင်းသည် ဟောင်ကောင်အသင်းနှင့် ဂိုးမရှိသရေကျကာ ဘာရိန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

**ရဲရင့်လွင်**

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ဥဇဘက်ကစ္စတန်ကို မြန်မာအသင်း အရေးနိမ့်

**ရန်ကုန်  စက်တင်ဘာ  ၁၃**

၂၀၂၃ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စု (က) ဒုတိယနေ့ကို စက်တင်ဘာ ၁၂ ရက် ညပိုင်းက ဆော်ဒီအာရေဗျနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် ဥဇဘက်ကစ္စတန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

ယခုပွဲရလဒ်မှာ ခြေစစ်ပွဲအောင်မြင်ရေး သက်ရောက်မှု မရှိသော်လည်း မြန်မာအသင်းအနေဖြင့် အကောင်းဆုံးကြိုးစားခဲ့သည်။ သို့သော် အသင်းနှစ်သင်းကြား ကွာခြားမှု၊ ခံစစ်ပိုင်းအားနည်းမှုများကြောင့် မြန်မာအသင်း အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဥဇဘက်ကစ္စတန်အသင်းသည် နောက်ဆုံး အဆင့်ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲ အောင်မြင်ထားပြီးဖြစ်သောကြောင့် ယခုခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသော်လည်း ယင်းအသင်းနှင့် တွေ့ဆုံသည့် ရလဒ်များကို ထည့်သွင်းတွက်ချက်မည်မဟုတ်ရာ မြန်မာအသင်းအနေဖြင့် နှစ်ပွဲဆက်အရေးနိမ့်ခဲ့သော်လည်း ယခုပွဲရလဒ်မှာ ခြေစစ်ပွဲ အောင်မြင်ရေး တွက်ချက်ရာတွင် သက်ရောက်မှုရှိမည်မဟုတ်ပေ။

မြန်မာအသင်းနည်းပြချုပ် ဦးစိုးမြတ်မင်းသည် ပွဲထွက်လူစာရင်း၌ ဟိန်းထက်စိုး (ဂိုး)၊ လတ်ဝေဘုန်း၊ လန်းဆန်းအောင်၊ ကောင်းထက်ပိုင်၊ ဇော်ဝင်းသိန်း၊ ထွန်းထွန်းသိန်း၊ သာယာဝင်းထက်၊ ရဲရင့်ဖြိုး၊ သန်းတိုးအောင်၊ စွမ်းထက်၊ သိန်းဇော်သီဟတို့ကို အသုံးပြုခဲ့သည်။ ဥဇဘက်ကစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို ကိုးမိနစ်တွင် ဖော်မင်၊ ၂၅ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ရာမာတူလာယေဗ့်၊ ၉၀+၂ မိနစ်တွင် ဂျိဘိုရာယေဗ့်တို့က သွင်းယူခဲ့သည်။ မြန်မာအသင်းအနေဖြင့် ယခုပွဲတွင်လည်း ပယ်နယ်တီပေးခဲ့ရပြီး နှစ်ပွဲဆက် ပယ်နယ်တီပေးနေရသဖြင့် ခံစစ်ကစားသမားများ၏ ဖျက်ထုတ်မှုနှင့် ပါးနပ်မှုအပိုင်းတွင် အားနည်းချက်များ ရှိနေသေးသည်။

အုပ်စု (က) အခြားပွဲတွင် အိမ်ရှင် ဆော်ဒီအာရေဗျအသင်းက မော်လ်ဒိုက်အသင်းကို ၁၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မြန်မာစံတော်ချိန် စက်တင်ဘာ ၁၇ ရက် နံနက် ၁ နာရီတွင် အိမ်ရှင် ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။



မြန်မာနှင့် ဥဇဘက်ကစ္စတန်အသင်း ယှဉ်ပြိုင်နေစဉ်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၄)နာရီ HELPLINE ဝန်ဆောင်မှု

အိမ်တွင်းအကြမ်းဖက်မှုအပါအဝင် ကျား၊မရေးရာအခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များ၊ သက်ငယ်မုဒိမ်းဖြစ်ရပ်များ၊ ပဋိပက္ခဖြစ်စဉ်အတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုတို့နှင့် ပတ်သက်၍ လူမှုရေးနည်းလမ်းအရဖြေရှင်း ဆောင်ရွက်ပေးရန်လိုအပ်ပါက

- ✓ ကာယကံရှင်ကိုယ်တိုင်သော်လည်းကောင်း၊
- ✓ သိရှိသူ ပြည်သူများမှလည်းကောင်း

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ Helpline ဖုန်းနံပါတ် 1566** သို့ ယုံကြည်စိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပြီး၊ Viber နံပါတ် ၀၉- ၈၈၉၉၁၁၁၄၄ သို့ Viber Message ပေးပို့၍လည်းကောင်း၊ Helpline - DSW Facebook Page Messenger သို့ Message ပေးပို့၍လည်းကောင်း တိုင်ကြားနိုင်ပါသည်။

**Viber နှင့် Messenger များသို့ ပေးပို့တိုင်ကြားပါက အမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ထည့်သွင်းဖော်ပြပေးပါရန်။**

Helpline – DSW (၀၉-၈၈၉၉၁၁၁၄၄)  Helpline 1566  Helpline – DSW

တိုင်ကြားသူ၏အချက်အလက်မပေါက်ကြားရေး အထူးအလေးထားကာကွယ်ပေးသွားပါမည်။





လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို

ဆပ်ပြာနှင့် ရေအသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာဆေးကြောပါ။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၃

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက်နေ ခိုင်သိန်းသည် ၎င်းအသုံးပြုသည့် “အနာတရ” Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၁၈)ရပ်ကွက်နေ သန်းသန်းဝင်းသည် ၎င်းအသုံးပြုသည့် “Than Than Win” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်အတွင်း PDF အမည်ခံအကြမ်းဖက်သမားများ၏ အတင်းအဓမ္မဖမ်းဆီးခြင်းခံခဲ့ရသည့် အမျိုးသမီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့



မဝင်းဝင်း(အမည်လွှဲ)



မလင်းလင်း(အမည်လွှဲ)

နေပြည်တော် စက်တင်ဘာ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကျေးရွာများရှိ ဒေသခံပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်၍ လူသစ်စုဆောင်းခြင်း၊ အတင်းအဓမ္မဆက်ကြေးကောက်ခံခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ၎င်းတို့ကို ထောက်ခံအားပေးမှုမရှိသည့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသော ပြည်သူများ၏ သတင်းပေးပို့မှုအရ စက်တင်ဘာ ၄ ရက်တွင် မော်လိုက်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။**

ထိုသို့ ဆောင်ရွက်ခဲ့ရာ မော်လိုက်မြို့နယ် မိုင်းနွဲ့ကျေးရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာသို့ အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ စခန်းတစ်ခုအား တွေ့ရှိခဲ့သဖြင့် တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။ ထို့ပြင် အဆိုပါစခန်းအတွင်းမှ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသည့် အမျိုးသမီး လေးဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါအမျိုးသမီးများအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ခဲ့မှု၊ နေထိုင်စားသောက်ခဲ့ရမှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြန်လည်ကယ်တင်၍ သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့မှုနှင့် ပတ်သက်၍ ယခုကဲ့သို့ ကြားသိခဲ့ရသည်-

**မဝင်းဝင်း(အမည်လွှဲ)**

သမီးကတော့ မော်လိုက်မြို့နယ် ကောင်းကွေ့အုပ်စု မိုင်းနွဲ့ကျေးရွာမှာ နေထိုင်ပါတယ်။ အသက်ကတော့ ၁၅ နှစ် ဖြစ်ပါတယ်။ သမီးတို့ရွာကို အကြမ်းဖက် PDF ခေါင်းဆောင် တစ်ယောက်နဲ့ သူ့ရဲ့ တပည့်နှစ်ယောက်က အတင်းအဓမ္မ လူသစ်စုတဲ့အတွက် သမီးတို့ လူသစ်စုခြင်း ခံခဲ့ရပါတယ်။ ၉ လပိုင်း ၄ ရက်နေ့ ညနေ ၄ နာရီလောက်မှာ သေနတ်သံတွေ ကြားရပါတယ်။ သမီးတို့လည်း ဘယ်မှမပြေးဘဲ မြေကြီးပေါ်မှာပဲ ဝပ်နေခဲ့ပါတယ်။ အဲဒီအချိန် သမီးတို့ကို လာကယ်တဲ့ တပ်မတော်သားတွေနဲ့ တွေ့ပါတယ်။ တပ်မတော်သားတွေကို တွေ့တဲ့အချိန်မှာ အရမ်းကို ပျော်ရွှင်ခဲ့ပါတယ်။ လုံခြုံမှုလည်း ရတယ်လို့ ခံစားရပါတယ်။ တပ်မတော်က သမီးတို့ကို ကယ်တင်တဲ့အချိန်မှာ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ကာယအိန္ဒြေ ပျက်ပြားအောင် ပြုလုပ်ခြင်းမရှိဘဲ ကောင်းကောင်းမွန်မွန် ကျွေးတယ်၊ ကောင်းကောင်းမွန်မွန် ထားတယ်။ သမီးတို့ကို ဦးလေးသဖွယ်၊ မိဘသဖွယ် စောင့်ရှောက်ထားပါတယ်။ စခန်းကနေ ကောင်းကွေ့အထိ လမ်းလျှောက်ရပါတယ်။ အဲဒီနေရာကနေ ကလေးအထိ ကားနဲ့ပို့ပေးပါတယ်။ လမ်းတစ်လျှောက်မှာလည်း သမီးတို့ကို ကောင်းကောင်းမွန်မွန် ကျွေးမွေးစောင့်ရှောက်ထားပါတယ်။ ကလေးမြို့ကို ရောက်တဲ့အချိန်မှာ တာဝန်ရှိသူတွေအနေနဲ့ သမီးတို့ကို နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အားပေးစကားတွေလည်း ပြောပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုတွေလည်း လုပ်ပေးပါတယ်။ လိုအပ်တဲ့ အဝတ်အစားနဲ့ အသုံးအဆောင်တွေကိုလည်း ဝယ်ပေးပါတယ်။ အခုလည်း ဟိုတယ်နဲ့တူတဲ့ ရိပ်သာကြီးမှာ သမီးတို့ကိုထားပါတယ်။ သမီးတို့လို လူငယ်လူရွယ်တွေကို ပြောချင်တာကတော့ နိုင်ငံရေးသမားတွေရဲ့ အသုံးချခံ မဖြစ်ပါစေနဲ့။ သတင်းမီဒီယာတွေရဲ့ မဟုတ်မမှန် သွေးထိုးလှုံ့ဆော်မှုတွေကို မယုံကြပါနဲ့။ PDF အကြမ်းဖက်အဖွဲ့ထဲမှာ ကိုယ့်ရဲ့ဘဝကို ရေတိမ်မနစ်ပါစေနဲ့။ အမြန်ဆုံးရုန်းထွက်ခဲ့ကြပါ။ တပ်မတော်က နွေးထွေးစွာ ကြိုဆိုနေတဲ့အတွက် မိဘရင်ခွင်ကို ပြန်လာခဲ့ကြပါလို့ ပြောကြားချင်ပါတယ်။ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**မလင်းလင်း(အမည်လွှဲ)**

သမီးက မော်လိုက်မြို့နယ်မှာ နေထိုင်ပါတယ်။ အသက်ကတော့ ၁၆ နှစ်ပါ။ သမီးတို့ရွာမှာ အိမ်ခြေတစ်ရာကျော်ရှိပါတယ်။ သမီးတို့ရွာမှာ PDF အကြမ်းဖက်တွေက ခြိမ်းခြောက်မှုတွေ ရှိတာကြောင့် အုပ်ချုပ်ရေးမှူးလုပ်ရဲတဲ့သူ မရှိပါဘူး။ ကျေးရွာတွေကို PDF အကြမ်းဖက်တွေက မီးရှို့မယ်လို့ ခြိမ်းခြောက်ကြပါတယ်။ ချင်းတွင်းမြစ်မှာ သွားလာနေတဲ့ လှေ၊ သင်္ဘောတွေကိုလည်း ဆက်ကြေးကောက်ခံကြပါတယ်။ အစိုးရဝန်ထမ်းတွေကိုလည်း ဖမ်းဆီးသတ်ဖြတ်ကြပါတယ်။ စာသင်ကျောင်းများ မဖွင့်နိုင်အောင်လည်း ခြိမ်းခြောက် ထားကြပါတယ်။ ……ကျေးရွာမှာလည်း ကျောင်းသုံးစာအုပ်တွေကို ဖျက်ဆီးကြပါတယ်။ သမီးတို့ရွာကို တခြားရွာက PDF ခေါင်းဆောင်က အကြိမ်ကြိမ် လာရောက်စည်းရုံးခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သမီးနဲ့ သူငယ်ချင်းဖြစ်သူတို့ အတင်းအဓမ္မ စုဆောင်းခြင်း ခံရပါတယ်။ ပဲနဲ့ မှျစ်ကိုပဲ အဓိက စားသောက်ခဲ့ရပြီး အရမ်းလည်း ခက်ခဲခဲ့ပါတယ်။ မိုးတွင်းကာလဖြစ်တဲ့အတွက် ဖျားနာသူတွေရှိရင် ဆေးဝါးကုသမှု လုံလုံလောက်လောက် မရကြပါဘူး။ ဖုန်းတွေကိုလည်း သိမ်းထားပါတယ်။ စခန်းနားမှာ မိုင်းတွေ ထောင်ထားတယ်လို့လည်း ပြောပါတယ်။ သမီးတို့လည်း အိမ်ပြန်ချင်တဲ့အတွက် အကြိမ်ကြိမ် ငိုခဲ့ရပါတယ်။ ရိက္ခာအနေနဲ့ ကျွေးတာက အတင်းအဓမ္မ ကောက်ခံပြီး ကျွေးတာများတယ်လို့ သိရပါတယ်။ ၉ လပိုင်း ၄ ရက်နေ့ညနေ ၄ နာရီလောက်မှာတော့ လက်နက်ငယ်သံတွေကြားရပြီး တိုက်ပွဲဖြစ်ပြီလို့ သိရတာကြောင့် မြေကြီးပေါ်မှာ ဝပ်နေခဲ့ပါတယ်။ ခဏအကြာမှာတော့ တပ်မတော်သားတွေ ရောက်လာခဲ့ပါတယ်။ သမီးတို့က “ကြောက်ပါတယ်၊ ကြောက်ပါတယ်” လို့ အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ တပ်မတော်သားတွေက “ဘာမှမဖြစ်ဘူး။ ဝပ်နေ ဝပ်နေ” လို့ ပြောပြီး သေနတ်သံတွေ ငြိမ်သွားတဲ့အခါမှာတော့ စစ်ကြောင်းမှူးဆီခေါ်သွားပါတယ်။ သမီးတို့ကို ဆဲဆို ကြိမ်းမောင်းတာတွေ၊ ရိုက်နှက်တာတွေ၊ ထိကပါးရိကပါး သွေးဆောင်ဖြားယောင်းတာတွေလည်း မရှိပါဘူး။ ကိုယ့်မိသားစုဝင်တွေလိုပဲ နွေးနွေးထွေးထွေး ဆက်ဆံတယ်။ ကောင်းကောင်းမွန်မွန် ကျွေးမွေးတယ်။ ကိုယ့်သားသမီးတွေလို ဂရုစိုက်ခဲ့ပါတယ်။ ကလေးမြို့ကို ရောက်တဲ့အချိန်မှာတော့ တာဝန်ရှိသူတွေအနေနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပြီး လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ဆောင်ရွက်ပေးခဲ့တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ တပ်မတော်ကြီးက DVB, Mizzima တို့က ထုတ်လွှင့်နေသလို မဟုတ်ဘဲ မိဘအိမ်ကဲ့သို့ နွေးနွေးထွေးထွေး ဆက်ဆံခဲ့တဲ့အတွက် အရမ်းလည်း ပျော်မိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ PDF အကြမ်းဖက်အဖွဲ့ထဲ ရောက်ရှိနေတဲ့ သမီးတို့လို လူငယ်လူရွယ်တွေကို ပြောချင်တာကတော့ နိုင်ငံရေးအကြောင်း ဘာမှ နားမလည်သေးတဲ့အရွယ်မှာ နိုင်ငံရေးသမားတွေရဲ့ အသုံးချခံမဖြစ်ပါစေနဲ့။ ဘယ်ဟာက အမှန်၊ ဘယ်ဟာက အမှားဆိုတာကို ခွဲခြားနားလည်ပြီး ဥပဒေဘောင်အတွင်း အမြန်ဆုံးဝင်ရောက်လာခဲ့ကြပါ။ သမီးတို့ နိုင်ငံကြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ တည်ဆောက်သွားဖို့ အချိန်တန်ပြီလို့ ပြောကြားလိုပါတယ်။

**သတင်းစဉ်**



# မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မော်လမြိုင် စက်တင်ဘာ ၁၃**

မွန်ပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ထိန်းချုပ်နိုင်ရေးနှင့် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဌာနဆိုင်ရာများ လိုက်နာဆောင်ရွက်ကြရန်နှင့် ကြိုတင်စီစဉ်ဆောင်ရွက်ထားရမည့် အချက်များကိုလည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါပိုး အစုလိုက် အပြုံလိုက် ကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ ရောဂါပိုး တွေ့ရှိလာပါကလည်း တုံ့ပြန်ဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များကို အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုများ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်ပြည်နယ်အတွင်း လူဦးရေ ၂၂ သိန်းကျော်ရှိပြီး ကာကွယ်ဆေးထိုးနှံရမည့် ၁၈ နှစ်အထက် လူဦးရေ ၁၂၃၇၉၄ ဦးရှိသည့်အနက် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေး မထိုးနှံနိုင်သည့် ဦးရေ ၁၈၇၀၅၁ ဦးအား ချန်လှပ်၍ ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပြီးစီးသူ ၁၀၄၆၇၄၃ ဦး၊ ဒုတိယအကြိမ် ထိုးနှံပြီးစီးသူ ၉၇၆၄၈၉ဦး၊ Booster (3rd Dose) ထိုးနှံပြီးစီးသူ ၂၉၀၇၄၉ ဦး၊ Booster (4th Dose) ထိုးနှံပြီးစီးသူ ၁၅၈၉၇ ဦး ထိုးနှံပြီးစီးခဲ့ပြီး အလားတူ အသက် ၅ နှစ်မှ ၁၂ နှစ်အတွင်း ကာကွယ်ဆေးထိုးနှံရမည့် အခြေခံပညာကျောင်းသား ကျောင်းသူလျာထားဦးရေ ၂၅၅၆၂ ဦးအား ပထမအကြိမ် ၂၄၅၃၄၃ ဦး၊ ဒုတိယအကြိမ် ၂၃၅၄၇၃ ဦး၊ အသက် ၁၂ နှစ်အထက်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေးထိုးနှံရမည့် အခြေခံပညာ ကျောင်းသား ကျောင်းသူလျာထားဦးရေ ၄၆၁၂၄ ဦးအား ပထမအကြိမ် ၄၅၁၅၉ ဦး၊ ဒုတိယအကြိမ် ၄၃၂၉၇ ဦး ထိုးနှံပြီးစီးပြီးဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဆန်း ခေါင်းဆောင်သော မြန်မာအားကစားအဖွဲ့ကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့၌ အဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီးတို့နှင့်အတူ ကြက်တောင်အားကစားနည်းမှ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြတစ်ဦး၊ အမျိုးသားအားကစားသမား သုံးဦး၊ အမျိုးသမီး အားကစားသမား သုံးဦး၊ စားပွဲတင်တင်းနစ် အားကစားနည်းမှ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြ တစ်ဦး၊ အမျိုးသားအားကစားသမား သုံးဦး၊ အမျိုးသမီး အားကစားသမား နှစ်ဦး၊ Para Badminton ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် နည်းပြတစ်ဦး၊ အမျိုးသားအားကစားသမားတစ်ဦး၊ Para Table Tennis ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် နည်းပြတစ်ဦးနှင့် အမျိုးသား အားကစားသမားတစ်ဦး စုစုပေါင်း ၂၁ ဦး လိုက်ပါသွားကြောင်းနှင့် အာရှသက်ငယ်တန်း အားကစားပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ ၂၀ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

အသင်းမှာ ဒုတိယနေရာမှ ရန်ကုန်အသင်းနှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ မြဝတီနှင့် မဟာယူနိုက်တက်အသင်း တွေ့ဆုံမှုမှာလည်း စိတ်ဝင်စားစရာကောင်းနေပြီး မြဝတီအသင်းက တတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ရေး၊ မဟာယူနိုက်တက်အသင်းက တန်းဆင်းဇုန်အန္တရာယ်မှ လွတ်မြောက်နိုင်ရေးအတွက် ကြိုးပမ်းရမည်ဖြစ်သည်။

MNL-2 (ပထမတန်း) ပြိုင်ပွဲ ပွဲစဉ် (၇) ဒုတိယပွဲအဖြစ် စက်တင်ဘာ ၁၄ ရက် **(ယနေ့)** တွင် ဒဂုံစတား ယူနိုက်တက်အသင်းနှင့် ယောမြေအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စက်တင်ဘာ ၁၂ ရက်က ကစားသည့်ပွဲတွင် ထိပ်ဆုံးမှ တက္ကသိုလ်အသင်း သရေကျခဲ့သဖြင့် ဒဂုံစတားယူနိုက်တက်အသင်းအနေဖြင့် ယခုပွဲအနိုင်ရပါက ထိပ်ဆုံးနေရာ ပြန်လည်ရယူနိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် Junior Lions (ခ) မြန်မာ ယူ-၁၉ လက်ရွေးစင်အသင်းမှာ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ ယှဉ်ပြိုင်နေသဖြင့် ပွဲစဉ်အချို့ ရွှေ့ဆိုင်းထားရသည်။

**ရဲရင့်လွင်**

## ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လအထိ ဓာတ်ခွဲစစ်ဆေးခဲ့သော အစားအသောက်နမူနာများအနက်မှ စားသုံးရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အစားအသောက်နမူနာစာရင်း

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ်နှင့် ထုပ်ပိုးပုံ အရွယ်အစား | စစ်ဆေးတွေ့ရှိမှု | ပစ္စည်းနမူနာပုံစံ | ကောက်ယူခဲ့သည့် နေရာ |
|---|---|---|---|---|---|
| ၁ | မက်မန်းယို | ရွှေအုပ် (Plastic Pack) | Benzoic acid နှင့် Sodium Cyclamate သတ်မှတ်ပမာဏထက် ပိုမိုသုံးစွဲထားပါသည် |  | မြို့မဈေး၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၂ | ဆီးယို | ကောင်းဟိန်း (20g/Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၃ | မက်မန်းသီး (အနီ) | ဘုရင်မ (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | မြို့မဈေး၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၄ | မန်ကျည်းဖလိတ် | (ရုပ်ပုံပါ) (Plastic Pack) | ခွင့်မပြုဆိုးဆေး Rhodamine B ပါဝင်နေပါသည်။ |  | ပတ္တမြားဈေး၊ ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၅ | သရက်ယို | 123 (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |   | ပတ္တမြားဈေး၊ ဆိပ်ဖြူမြို့၊ မကွေးတိုင်းဒေသကြီး။ |
| ၆ | ဆီးသီးယို | Hong Yuan (CLASSICS SERIES) (Plastic Pack) | Sodium Cyclamate သတ်မှတ် ပမာဏထက် ပိုမိုသုံးစွဲထားပါသည်။ |  | သရက်မြို့၊ မြို့မဈေး၊ မကွေးတိုင်းဒေသကြီး။ |
